# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက် | ၂၀၂၅ ခုနှစ်၊ ဇွန် ၁၆ ရက်၊ တနင်္လာနေ့ | အတွဲ (၆၄)၊ အမှတ်(၂၅၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေး

## ယခုနှစ် မိုးရာသီ၌ အမြင့် နှစ်ပေအထက် ပျိုးပင် ၂၀ ဒသမ ၅၉ သန်းကို နိုင်ငံအဝန်းဖြန့်ဝေပေးထားပြီး စိုက်ပျိုးသွားမည်

**နေပြည်တော် ဇွန် ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ Naypyitaw State Academy၊ Naypyitaw State Polytechnic University၊ အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်တို့မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ✪




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။


**ယနေ့** *ဖတ်စရာ*

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ၂၀၂၄ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများ** — ဆောင်းပါး စာ ၆

**ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၄)** — ဆောင်းပါး စာ ၁၀

**အမေရိကန်နှင့် ကုန်သွယ်မှုသဘောတူညီချက် ရရှိရေး အီးယူရှုန်းကန်နေရ** — နိုင်ငံတကာသတင်း စာ ၁၄





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။

- **သစ်ပင်သစ်တောများသည် ကျေးလက်နေပြည်သူများအတွက် သစ်၊ ထင်း၊ ဝါး၊ ကြိမ်၊ အစားအစာ၊ ဆေးဝါးစသည့် သစ်တောထွက်ပစ္စည်း အမျိုးမျိုးနှင့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိ**
- **သစ်ပင်သစ်တောများကို စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် ရေ၊ မြေ၊ ရာသီဥတု ကောင်းမွန်မျှတသာယာပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍအသီးသီးအတွက် ကုန်ကြမ်းပစ္စည်းများ၊ သွင်းအားစုများနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးလျက်ရှိသောကြောင့် အကျိုးကျေးဇူးများစွာရရှိနိုင်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။

❂ *ရှေ့ဖုံးမှ*

**ယနေ့ မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတွင် သစ်မျိုး ၁၆ မျိုး၊ သစ်ပင်ပေါင်း ၃၀၀၀ကို စိုက်ပျိုး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် နှစ်စဉ် ဦးစီးဦးဆောင်လုပ်ပြီး ကျင်းပဆောင်ရွက်နေသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း ဒေသအလိုက်၊ ဌာနအလိုက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို ပြုလုပ်လျက်ရှိကြောင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေး၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ဂေဟစနစ် ကောင်းမွန်မျှတစေရေး၊ တောတောင်ရေမြေကို ထိန်းသိမ်းပြီး သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေးနှင့် သစ်ပင်စိုက်ပျိုး ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ နိုးကြားတက်ကြွစွာ ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လာကြရန် လိုအပ်ကြောင်း၊ ယင်းကို တိုက်တွန်းနှိုးဆော်သည့် ရည်ရွယ်ချက်ဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို နိုင်ငံနှင့်အဝန်း နှစ်စဉ်ကျင်းပကြခြင်းဖြစ်ကြောင်း၊ ယနေ့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် သစ်မျိုး ၁၆ မျိုး၊ သစ်ပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

**စဉ်ဆက်မပြတ် ပံ့ပိုးပေးလျက်ရှိ**

သစ်ပင်သစ်တောများသည် ကမ္ဘာမြေပေါ်တွင်ရှိသည့် သက်ရှိများ ရှင်သန်ရပ်တည်ရေးအတွက် အလွန်အရေးပါလှကြောင်း၊ သစ်ပင်သစ်တောများသည် လူသားများအပါအဝင် သက်ရှိများ အသက်ရှင်သန်ရေးအတွက် အဓိကလိုအပ်သည့် အောက်ဆီဂျင်ကို ထုတ်လွှတ်ပေးရုံသာမက ရာသီဥတုပြောင်းလဲမှုကိုဖြစ်ပေါ်စေပြီး ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို လေထုအတွင်းမှ စုပ်ယူဖယ်ရှားပေးကြောင်း၊ သစ်ပင်သစ်တောများသည် ရာသီဥတုမျှတရေး၊ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး၊ ရေနှင့်မြေဆီလွှာထိန်းသိမ်းရေး စသည့် ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ညီညွတ်မျှတရေးကို စဉ်ဆက်မပြတ် ပံ့ပိုးပေးလျက်ရှိကြောင်း။

သစ်ပင်သစ်တောများသည် ကျေးလက်နေပြည်သူများအတွက် သစ်၊ ထင်း၊ ဝါး၊ ကြိမ်၊ အစားအစာ၊ ဆေးဝါးစသည့်သစ်တောထွက်ပစ္စည်းအမျိုးမျိုးနှင့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ သစ်ပင်သစ်တောများကို စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် ရေ၊ မြေ၊ ရာသီဥတုကောင်းမွန်မျှတသာယာပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနှင့်

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များ တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၃ မှ*

ဝန်ဆောင်မှုကဏ္ဍအသီးသီးအတွက် ကုန်ကြမ်းပစ္စည်းများ၊ သွင်းအားစုများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးလျက်ရှိသောကြောင့် အကျိုးကျေးဇူးများစွာ ရရှိနိုင်ကြောင်း။

သစ်တောများသည် ဂေဟစနစ်များအားလုံး ဗဟိုချက်အဖြစ် ထိန်းညှိဆောင်ရွက်ပေးလျက်ရှိသည့်အတွက် နိုင်ငံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည်ဟု ပြောရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ အောင်မြင်စေရေး၊ လူသားများနှင့် သက်ရှိများ ရေရှည်တည်တံ့စေရေးနှင့် စိမ်းလန်းသာယာစေရေးတို့အတွက် ကမ္ဘာ့နိုင်ငံအသီးသီးက သစ်တောစိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြကြောင်း၊ ကုလသမဂ္ဂသစ်တောကဏ္ဍဆိုင်ရာ မဟာဗျူဟာရည်မှန်းချက်အရ ၂၀၀၀ ပြည့်နှစ်တွင် ရှိခဲ့သည့် ကမ္ဘာ့သစ်တောဧရိယာ ဧက ၁၀ ဘီလီယံမှ ၂၀၃၀ ပြည့်နှစ်တွင် ဧရိယာဧက သန်း ၃၀၀ ခန့် (၃ ရာခိုင်နှုန်းခန့်) ပိုမိုတိုးပွားလာစေရန် ရည်မှန်းချက်ထားပြီး ကုလသမဂ္ဂက အားပေးဆောင်ရွက်လျက်ရှိကြောင်း။

**အများဆုံးပိုင်ဆိုင်သည့် နိုင်ငံလည်းဖြစ်**

မိမိတို့မြန်မာနိုင်ငံသည် ရေ၊ မြေ၊ တောတောင်၊ သဘာဝသယံဇာတများနှင့် ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝသည့်နိုင်ငံဖြစ်ကြောင်း၊ ထို့အပြင် အာဆီယံနှင့် ဒေသတွင်း နိုင်ငံများအနက် သစ်တောဖုံးလွှမ်းမှုကောင်းမွန်ပြီး သစ်တောဖုံးလွှမ်းမှုဧရိယာ ဒုတိယအများဆုံးပိုင်ဆိုင်သည့် နိုင်ငံလည်းဖြစ်ကြောင်း၊ နိုင်ငံ၏သစ်တောဖုံးလွှမ်းမှုသည် ၂၀၁၅ ခုနှစ်တွင် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်း၊ ၂၀၂၀ ပြည့်နှစ်တွင် ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းနှင့် ၂၀၂၅ ခုနှစ် ပဏာမအစီရင်ခံစာအရ ၄၂ ဒသမ ၁၅ ရာခိုင်နှုန်း ရှိသည်ကို တွေ့ရသည့်အတွက် သစ်တောပြုန်းတီးမှု အနည်းငယ်ရှိနေကြောင်း၊ သို့သော်လည်း မိမိတို့တာဝန်ယူပြီးနောက်ပိုင်း သစ်ပင်စိုက်ပျိုးမှု၊ သစ်တောများ ပြုပြင်ထိန်းသိမ်းမှုကို အလေးထားကြပ်မတ်ဆောင်ရွက်ခဲ့သည့်အတွက် နှစ်ကာလအလိုက် သစ်တောပြုန်းတီးမှု သိသိသာသာလျော့နည်းကျဆင်းခဲ့သည်ကို တွေ့ရှိရကြောင်း။

“ရာသီဥတုမျှတပြီး သစ်တောဂေဟစနစ်ဆိုင်ရာ

- ◆ **မိမိတို့ မြန်မာနိုင်ငံသည် ရေ၊ မြေ၊ တောတောင်၊ သဘာဝသယံဇာတများနှင့် ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝသည့်နိုင်ငံဖြစ်**
- ◆ **ထို့အပြင် အာဆီယံနှင့် ဒေသတွင်းနိုင်ငံများအနက် သစ်တောဖုံးလွှမ်းမှုကောင်းမွန်ပြီး သစ်တောဖုံးလွှမ်းမှုဧရိယာ ဒုတိယအများဆုံးပိုင်ဆိုင်သည့် နိုင်ငံလည်းဖြစ်**
- ◆ **နိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် ၂၀၁၅ ခုနှစ်တွင် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်း၊ ၂၀၂၀ ပြည့်နှစ်တွင် ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းနှင့် ၂၀၂၅ ခုနှစ် ပဏာမအစီရင်ခံစာအရ ၄၂ ဒသမ ၁၅ ရာခိုင်နှုန်းရှိသည်ကို တွေ့ရသည့်အတွက် သစ်တောပြုန်းတီးမှုအနည်းငယ်ရှိ**

ဝန်ဆောင်မှုများ ပိုမိုရရှိစေရေးအတွက် နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းအထိ သစ်တောများ ဖုံးလွှမ်းအောင်” ရည်မှန်းချက်ထားပြီး သက်ဆိုင်ရာဌာနများ၊ ဒေသဆိုင်ရာများနှင့် အဖွဲ့အစည်းများအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားကြရန်လည်း မှာကြားလိုကြောင်း။

**အလေးထားဆောင်ရွက်ပေးနေ**

နိုင်ငံတော်အနေဖြင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာသည့်အခါ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ ထိထိရောက်ရောက် ဆောင်ရွက်ပေးခဲ့သကဲ့သို့ သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေးနှင့် နိုင်ငံအဝန်း စိမ်းလန်းစိုပြည် သာယာဝပြောရေးတို့ကို အလေးထားဆောင်ရွက်ပေးနေကြောင်း၊ သစ်တောသယံဇာတများ ကာကွယ်ထိန်းသိမ်းခြင်း၊ စီမံအုပ်ချုပ်ခြင်း၊ ပြန်လည်တည်ထောင်ခြင်းနှင့် တိုးချဲ့စိုက်ပျိုးခြင်းလုပ်ငန်းများကို နိုင်ငံတော်၏ ဦးစားပေးအစီအစဉ်တစ်ရပ်အနေဖြင့် ရေရှည်စီမံချက်များ ဖော်ထုတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အနေဖြင့် ၂၀၂၁ ခုနှစ် မိုးရာသီမှ ၂၀၂၄ ခုနှစ် မိုးရာသီအထိ နိုင်ငံအဝန်းတွင် ပျိုးပင်စုစုပေါင်း ၉၀ ဒသမ ၅၅ သန်းကျော် ဖြန့်ဝေစိုက်ပျိုးပေးနိုင်ခဲ့ကြောင်း၊ နေပြည်တော်တွင် မိမိကိုယ်တိုင်ဦးဆောင်မှုနှင့် သစ်ပင်စိုက်ပျိုးပွဲ ကိုးကြိမ်ပြုလုပ်ခဲ့ပြီး ၃၂၀၉၇၀၃ ပင် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ရှင်သန်ဖြစ်ထွန်းမှု ၃၀၃၂၉၈၂ ပင် ၉၄ ရာခိုင်နှုန်းရှိကြောင်း၊ ဖြန့်ဝေစိုက်ပျိုးခဲ့သည့် သစ်ပင်များသည် သစ်တောနယ်မြေများဖြစ်သည့် ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများအတွင်း၌ စိုက်ပျိုးခြင်းသာမကပဲ သစ်တောနယ်မြေပြင်ပနေရာများ၌လည်း ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးလိုက်သည့်သစ်ပင်များ ရာနှုန်းပြည့် အောင်မြင်ရှင်သန်ရေးအတွက် ပြုစုထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း၊ ယခုနှစ် မိုးရာသီ၌လည်း အမြင့် နှစ်ပေအထက် ပျိုးပင် ၂၀ ဒသမ ၅၉ သန်းကို နိုင်ငံအဝန်းဖြန့်ဝေပေးထားပြီး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

**အစိမ်းရောင်ဖွံ့ဖြိုးမှုအစီအစဉ်များကို**
**အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**

လမ်းဘေးဝဲ/ယာ စိမ်းလန်းစိုပြည်ရေးစိုက်ခင်းများ တည်ထောင်ခြင်း၊ မြစ်ချောင်းများ ဘေးဝဲ/ယာတစ်လျှောက် သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်း၊ လမ်းမကြီးအသီးသီးနှင့် ရထားလမ်းဘေးဝဲ/ယာ သစ်ပင်စိုက်ပျိုးခြင်း၊ ဒီရေတောများ ထိန်းသိမ်းစိုက်ပျိုးခြင်း၊ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် တစ်ရွာ နှစ်ဧက စိုက်ခင်း၊ ဘက်စုံသုံးစိုက်ခင်း၊ ကျေးရွာထင်းစိုက်ခင်းများ တည်ထောင်ခြင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များစိုက်ပျိုးခြင်း၊ ရာဂီမုန်တိုင်းကြောင့် ရေကြီးရေလျှံဖြစ်ခဲ့သည့် နေရာဒေသများတွင် သစ်ပင်များစိုက်ပျိုးခြင်းစသည့် အစိမ်းရောင်ဖွံ့ဖြိုးမှုအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

**ပတ်ဝန်းကျင်ကောင်းနှင့် သဘာဝအရင်းအမြစ်တွေ**
**ကြွယ်ဝသည့်နိုင်ငံအဖြစ် လက်ဆင့်ကမ်းပေး**

“အိမ်တိုင်းမှာ သစ်ပင်၊ ရွာစဉ်မှာတောတန်း၊ တစ်တောဝင် တစ်တောဆက်၊ မြို့တက်မဲ့လမ်း” ဆိုသကဲ့သို့ ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ရပ်ကွက်၊ ကျေးရွာ၊ မြို့ပြပတ်ဝန်းကျင် နေရာအသီးသီးမှာ စိမ်းလန်းစိုပြည်ပြီး အရိပ်အာဝါသရရှိစေရေး ကိုယ်တိုင် အသိစိတ်ဓာတ်အပြည့်အဝဖြင့် သစ်ပင်သစ်တောများကို ထိန်းသိမ်းပြီး တိုးချဲ့စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးပြီးသည့် သစ်ပင်သစ်တောများကိုလည်း တစ်ပင်စိုက်လျှင် တစ်ပင် “ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း”သွားရန်လည်း လိုအပ်ကြောင်း၊ နောင်သားစဉ်မြေးဆက်အတွက် စိမ်းလန်းစိုပြည်ပြီး အေးချမ်းသာယာသည့် ပတ်ဝန်းကျင်ကောင်းနှင့် သဘာဝအရင်းအမြစ်တွေ ကြွယ်ဝသည့်နိုင်ငံအဖြစ် လက်ဆင့်ကမ်းပေးနိုင်ရန်အတွက် သဘာဝသယံဇာတအမွေအနှစ်ဖြစ်သည့် သစ်တောများကို အားလုံးဝိုင်းဝန်းထိန်းသိမ်းသွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများစားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သာယာသန့်ရှင်းသည့် ပတ်ဝန်းကျင်နှင့် ကောင်းမွန်သည့်ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရေးအတွက် သစ်ပင်သစ်တောများသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အနေဖြင့် အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ပေးလျက်ရှိကြောင်း၊ နိုင်ငံ၏ သဘာဝအရင်းအနှီးသစ်ပင်သစ်တောတွေ ပိုမိုတိုးပွားလာပြီး ပတ်ဝန်းကျင်ရေးရာကာကွယ်စောင့်ရှောက်မှုနှင့် လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးအမြတ်များကို ရရှိစေမည်ဖြစ်ကြောင်း၊

*စာမျက်နှာ ၅ သို့*

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

*စာမျက်နှာ ၄ မှ*

ထို့ကြောင့် နိုင်ငံအဝန်း သစ်တောဖုံးလွှမ်းမှုတိုးတက်လာပြီး စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ ရာသီဥတု မျှတကောင်းမွန်စေရေးနှင့် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် သစ်တောစိုက်ပျိုးထိန်းသိမ်းခြင်းလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကံ့ကော်ပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက်အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများနှင့် ကျောင်းသားကျောင်းသူများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် သစ်မျိုး ၁၆ မျိုး၊ ပျိုးပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးနိုင်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဥတ္တရသီရိဆည် မြေသားကွဲအက် ရေစိမ့်ထွက်ဖြစ်ပေါ်နေမှုအား ပြုပြင်ရန် ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဥတ္တရသီရိဆည်အတွင်း ရေဝင်ရောက်ရာလမ်းကြောင်းများ၊ တမံပြန်လည်ပြုပြင်ရန်အတွက် ဘူမိဗေဒတိုင်းတာခြင်းလုပ်ငန်းများ၊ မြေစမ်းသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြုပြင်ခြင်းလုပ်ငန်းများမဆောင်ရွက်မီ စစ်ဆေးခြင်းလုပ်ငန်းများအား စနစ်တကျဆောင်ရွက်သွားရန်၊ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်ခိုင်ခံ့ကောင်းမွန်အောင် ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် နေပြည်တော်ဘူတာကြီး၏ တောင်ဘက်၊ နေပြည်တော်ဘူတာနှင့် ရွာတော်ဘူတာအကြားရှိ ရထားလမ်းဘေးဝဲ/ယာ နယ်နိမိတ်အတွင်းရှိ စိုက်ကွက် နှစ်နေရာတို့တွင် ကျင်းပသည်။

**တက်ရောက်**

သစ်ပင်စိုက်ပျိုးပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ဇနီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

**လိုက်လံကြည့်ရှုအားပေး**

ဦးစွာ ပထမစိုက်ကွက်နေရာ၌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က ဦးဆောင်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ရထားလမ်းဘေးတစ်လျှောက်တွင် အရိပ်ရလေကာပင်များ စိုက်ပျိုးကြပြီး ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

**တပျော်တပါးစိုက်ပျိုး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွာတော်ဘူတာသို့ ရောက်ရှိပြီး ရွာတော်ဘူတာအနီးရှိ ဒုတိယစိုက်ကွက်နေရာတွင် ဝန်ထမ်းများနှင့်အတူ အရိပ်ရ လေကာပင်များအား ဆက်လက် စိုက်ပျိုးကြသည်။ ယနေ့ပြုလုပ်သည့် အခမ်းအနားတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာန၊ အဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၁၅၀၀ တက်ရောက်၍ ကျွန်းပျိုးပင် ၂၀၀၊ ပိတောက်ပျိုးပင် ၁၅၀၊ ပျဉ်းကတိုးပျိုးပင် ၁၅၀ နှင့် မဲဇလီပျိုးပင် ၁၀၀၀ စုစုပေါင်း ပျိုးပင်မျိုးစုံ ၁၅၀၀ ကို တပျော်တပါး စိုက်ပျိုးကြသည်။



နေပြည်တော်၌ ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲနှင့်အတူ ဝန်ကြီးဌာနအောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်များမှ ဌာန၊ အဖွဲ့အစည်းအားလုံးကလည်း သက်ဆိုင်ရာ နယ်မြေရုံးများအလိုက် တစ်ချိန်တည်း တစ်ပြိုင်တည်း သစ်ပင်စိုက်ပျိုးပွဲတော်ကို ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ၂၀၂၄ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများ

မောင်တည်ကြည်

မြန်မာနိုင်ငံအနေနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်မှာ ၁၆၅ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုဝင်ရောက်ခဲ့ပါတယ်။ မိမိတို့နိုင်ငံဟာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံဖြစ်တာနဲ့အညီ ကွန်ဗင်းရှင်းမှာပါတဲ့ ရည်ရွယ်ချက်တွေကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် ၂၀၁၃ ခုနှစ်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၄ ခုနှစ်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ ကော်မရှင်ဟာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ရည်ရွယ်ချက်တွေကို ပိုမိုထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို အမြဲသုံးသပ်နေပြီး ပဉ္စမအကြိမ်ထိ ပြင်ဆင်ခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်၌ ကျင်းပသည့် (၂၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။

❊ **အဂတိလိုက်စားမှုတွေကြောင့် လူ့ဘောင်လောကမှာ တရားမျှတမှု ပျောက်ကွယ်ပြီး နိုင်ငံတော်နဲ့ အများပြည်သူကို ထိခိုက်စေ**

❊ **ပြည်ထောင်စုဝန်ကြီးဌာနတွေ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်တွေနဲ့ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်တို့မှာ ဖွင့်လှစ်တဲ့သင်တန်း ၃၅ ခုမှာ သင်တန်းသား ၂၀၉၀ ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးနဲ့ တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောမှုကို ကော်မရှင်ဥက္ကဋ္ဌ၊ အဖွဲ့ဝင်တွေနဲ့ ကော်မရှင်ရုံးအရာထမ်းတွေက ဆောင်ရွက်နိုင်ခဲ့**

အဂတိလိုက်စားမှုဟာ နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အတားအဆီးဖြစ်စေခြင်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေမှာ အဟန့်အတားဖြစ်စေခြင်း၊ စီးပွားရေးလုပ်ငန်းတွေမှာ ကုန်ကျစရိတ်တိုးမြင့်စေခြင်း၊ အရင်းအမြစ်ခွဲဝေသုံးစွဲမှုမှာ မမှန်မကန်ဖြစ်စေခြင်း၊ ဆင်းရဲနွမ်းပါးမှုတိုးပွားစေခြင်း၊ အများပြည်သူရဲ့ ယုံကြည်မှုပျက်ယွင်းစေခြင်း၊ နိုင်ငံတော်ရဲ့ ပုံရိပ်ကျဆင်းစေခြင်း၊ နိုင်ငံရဲ့ စီးပွားရေးနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာမှာ အဓိက အဟန့်အတားတစ်ခုဖြစ်ခြင်း စတဲ့ဆိုးကျိုးတွေ ဖြစ်ပေါ်စေပါတယ်။

နိုင်ငံရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့ဖို့အတွက် အစိုးရဌာန/ အဖွဲ့အစည်းတွေရဲ့ ရိုးသားဖြောင့်မတ်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ ကြိုတင်ခန့်မှန်းနိုင်မှု မြင့်မားလာရေးဟာ လွန်စွာအရေးကြီးသလို စီးပွားရေးလုပ်ငန်းတွေရဲ့ အခန်းကဏ္ဍဟာလည်း အရေးပါတဲ့ မောင်းနှင်အားတစ်ရပ် ဖြစ်ပါတယ်။

ဒါကြောင့် ကော်မရှင်ဟာ နိုင်ငံအတွင်း ဖြစ်ပွားနေတဲ့ အဂတိလိုက်စားမှုတွေကို အောင်မြင်စွာ တိုက်ဖျက်နိုင်ဖို့အတွက် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းတွေ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်းနဲ့ အသိပညာပေးခြင်း၊ အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း၊ အဂတိလိုက်စားမှုကျူးလွန်သူကို ဥပဒေနဲ့အညီ စုံစမ်းစစ်ဆေးအရေးယူခြင်း၊ အဂတိလိုက်စားမှုကြောင့် ရရှိတဲ့ငွေကြေးနဲ့ ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ နိုင်ငံ့ဘဏ္ဍာ ပြန်လည်ပေးသွင်းခြင်းနဲ့ နိုင်ငံတော်ဘဏ္ဍာနစ်နာဆုံးရှုံးမှု မရှိစေဖို့ ကာကွယ်ခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။



ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ အသိပညာပေး ဟောပြောဆွေးနွေးစဉ်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၉-၁၂-၂၀၂၄ ရက်နေ့တွင် ပြုလုပ်သည့် (၂၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်များ**

(၂၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ပြောကြားခဲ့တဲ့ မိန့်ခွန်းမှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနဲ့ စပ်လျဉ်းလို့ ကောက်နုတ်ချက်တွေက အောက်ပါအတိုင်းဖြစ်ပါတယ် –

**“အဂတိလိုက်စားမှုဟာ လူ့ဘောင်လောကကို အရုပ်ဆိုးအကျည်းတန်စေပြီး ကောင်းမွန်တဲ့ လူမှုစီးပွားဘဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေတဲ့ မကောင်းမှုဒုစရိုက်တစ်ခုပဲ ဖြစ်ပါတယ်။** အဂတိလိုက်စားမှုတွေကြောင့် လူ့ဘောင်လောကမှာ တရားမျှတမှု ပျောက်ကွယ်ပြီး နိုင်ငံတော်နဲ့ အများပြည်သူကို ထိခိုက်စေပါတယ်။ ဒ့ါအပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်ကို ပျက်စီးစေရုံသာမက တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းမှုကိုလည်း ထိခိုက်စေနိုင်တယ်လို့ ကမ္ဘာတစ်ဝန်းက မှတ်ယူကြပါတယ်။ လက်တွေ့မှာလည်း ဒီအယူအဆဟာ မှန်ကန်နေတယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။

“အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် ချမှတ်ထားတဲ့ ရည်မှန်းချက်တွေနဲ့ ဦးတည်ချက်တွေ အောင်မြင်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများအနေနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းတွေမှာ မိမိတို့ကျရာကဏ္ဍကနေ တိတိကျကျ ကြပ်ကြပ်မတ်မတ် ပါဝင်ဆောင်ရွက်ကြဖို့ လိုပါတယ်။ ဒ့ါအပြင် ပြည်သူ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများနဲ့ အများပြည်သူအားလုံးတို့ကလည်း တက်ကြွစွာ ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်ကြမှသာ အဂတိလိုက်စားမှုတွေ လျော့နည်းပပျောက်အောင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

“အဂတိလိုက်စားမှုနဲ့ ကြွယ်ဝချမ်းသာလာမှုကြောင့် ရရှိတဲ့ငွေကြေးနဲ့ ပစ္စည်းတွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေမှာ အတိအကျ ထည့်သွင်းပြဋ္ဌာန်းထားပါတယ်။ ဒ့ါကြောင့် အဂတိလိုက်စားမှုကျူးလွန်သူတွေကို တရားစွဲဆိုအရေးယူရုံသာမက အဂတိလိုက်စားမှုကြောင့် ကြွယ်ဝချမ်းသာလာတဲ့ ငွေကြေးနဲ့ပစ္စည်းတွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းကို ဥပဒေနဲ့အညီ တိတိကျကျ ထိရောက်အောင် ဆောင်ရွက်ကြဖို့ လိုအပ်ကြောင်း”

“အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းစေရေး ဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ ခက်မ(၃)ဖြာဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍတွေကို ဂုဏ်သိက္ခာရှိရှိနဲ့ အောင်မြင်စွာ ဆောင်ရွက်နိုင်ဖို့အတွက် အရည်အချင်းပြည့်မီပြီး ဖြောင့်မတ်တည်ကြည်မှုရှိတဲ့ နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းတွေဖြစ်ဖို့ လိုအပ်ပါတယ်။ ဒါမှသာ အဂတိလိုက်စားမှုကင်းစင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာစေဖို့အတွက် အထောက်အပံ့ပေးနိုင်မယ့် အခြေခံဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းကောင်းတွေကတစ်ဆင့် သန့်ရှင်းတဲ့အစိုးရနဲ့ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်လာနိုင်မှာ ဖြစ်ပါတယ်။”

အသိပညာပေးခြင်းကဏ္ဍ

ကော်မရှင်ရဲ့ အသိပညာပေးဆောင်ရွက်မှုကဏ္ဍမှာ နိုင်ငံ့ဝန်ထမ်းတွေသာမက ပုဂ္ဂလိကကဏ္ဍနဲ့ ပညာရေးနယ်ပယ်တွေမှာပါ အလေးထားဆောင်ရွက်ခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနတွေ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်တွေနဲ့ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်တို့မှာ ဖွင့်လှစ်တဲ့သင်တန်း ၃၅ ခုမှာ သင်တန်းသား ၂၀၉၀ ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးနဲ့ တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောမှုကို ကော်မရှင်ဥက္ကဋ္ဌ၊ အဖွဲ့ဝင်တွေနဲ့ ကော်မရှင်ရုံးအရာထမ်းတွေက ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရှိရပါတယ်။

တိုင်းဒေသကြီး/ပြည်နယ်များရှိ ပညာရေးဝန်ကြီးဌာန အခြေခံပညာအထက်တန်းကျောင်းတွေမှာ ဖွင့်လှစ်တဲ့ နွေရာသီကျောင်းပိတ်ရက်

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ဆရာ ဆရာမများ မွမ်းမံသင်တန်းတွေမှာ ဆရာ ဆရာမ ၁၃၅၇၂ ဦးကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာတွေ တိုးပွားလာစေဖို့နဲ့ ကျောင်းသားလူငယ်တွေ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးကို စာသင်ခန်းတွေကနေ စတင်နိုင်ဖို့ ရည်ရွယ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်းတွေကို ဆောင်ရွက်ခဲ့တာ တွေ့ရှိရပါတယ်။

အလားတူ ကျောင်းသားလူငယ်တွေထဲမှာ ဖြောင့်မတ်တည်ကြည်မှုရှိတဲ့ အသိုက်အဝန်း တည်ဆောက်နိုင်ဖို့ ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှာ **ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး Edutainment အစီအစဉ်**ကို နေပြည်တော်ကောင်စီနယ်မြေနဲ့ ကော်မရှင်ရုံးခွဲများတည်ရှိရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အခြေခံပညာကျောင်း ၈၅ ကျောင်းမှ မူလတန်းနဲ့ အလယ်တန်း ကျောင်းသား ကျောင်းသူ ၂၇၈၃၆ ဦးကို ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးဆိုင်ရာ အသိပညာပေးသင်ခန်းစာများ သင်ကြားပို့ချနိုင်ခဲ့ပါတယ်။ **“လူငယ်နှင့် ဖြောင့်မတ်တည်ကြည်မှု”**နှင့် **“လူငယ်နှင့် ကျင့်ဝတ်စံနှုန်းများ”** လူငယ်စကားဝိုင်းဆွေးနွေးပွဲတွေကို ပညာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သိပ္ပံနဲ့ နည်းပညာဝန်ကြီးဌာနအောက်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း၊ အထက်တန်းကျောင်း၊ ကောလိပ်/တက္ကသိုလ် စုစုပေါင်း ကျောင်း ၂၀ မှ ကျောင်းသား ကျောင်းသူ ၅၅၅၈ ဦးတို့နဲ့ လူငယ်စကားဝိုင်းတွေ ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။

ဒါ့အပြင် ပုဂ္ဂလိကကဏ္ဍအတွင်း အဂတိလိုက်စားမှုဆိုင်ရာတားဆီးကာကွယ်ရေးအသိပညာပေးမှုအနေနဲ့ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI)၊ ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တို့နဲ့ ပူးပေါင်းပြီး စီးပွားရေးလုပ်ငန်းရှင် စုစုပေါင်း ၅၁၄ ဦးကို အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲတွေ ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် “အဂတိပယ်ခွာ ပြည်သာယာ” ခေါင်းစဉ်ဖြင့် အသိပညာပေး ပိုစတာ၊ ဗီဒီယို၊ ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။

**“ကော်မရှင်အနေနဲ့ အသိပညာပေးခြင်းကဏ္ဍကို တိုးမြှင့်ဆောင်ရွက်နိုင်စေဖို့နဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာဗဟုသုတတွေကို အများပြည်သူ ပိုမိုသိရှိနိုင်စေဖို့ ရည်ရွယ်ပြီး ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်အဖြစ် ရုပ်ပြသရုပ်ဖော်တေးသီချင်း သုံးပုဒ်နဲ့ ဇာတ်လမ်းတို ၁၂ ပုဒ်တို့ကို ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားနဲ့ ပူးပေါင်းထုတ်လွှင့်ပြသလျက်ရှိ”**

ကော်မရှင်အနေနဲ့ အသိပညာပေးခြင်းကဏ္ဍကို တိုးမြှင့်ဆောင်ရွက်နိုင်စေဖို့နဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာဗဟုသုတတွေကို အများပြည်သူ ပိုမိုသိရှိနိုင်စေဖို့ ရည်ရွယ်ပြီး ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်အဖြစ် ရုပ်ပြသရုပ်ဖော်တေးသီချင်း သုံးပုဒ်နဲ့ ဇာတ်လမ်းတို ၁၂ ပုဒ်တို့ကို ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားနဲ့ ပူးပေါင်းထုတ်လွှင့် ပြသလျက်ရှိပါတယ်။

ကော်မရှင်ဟာ လျှို့ဝှက်ထိန်းသိမ်းရမယ့် သတင်းအချက်အလက်တွေမှအပ ကော်မရှင်ရဲ့ လုပ်ငန်းစဉ်တွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ ဆောင်ရွက်ချက်တွေကို အများပြည်သူ အချိန်နဲ့တစ်ပြေးညီ သိရှိနိုင်စေဖို့နဲ့ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာတွေ တိုးမြှင့်လာစေဖို့ ရည်ရွယ်ပြီး ကော်မရှင်ရဲ့ ACC Myanmar Facebook Page, Website (http://www.accm.gov.mm)နဲ့ နိုင်ငံပိုင်သတင်းစာတွေမှာ ကော်မရှင်ရဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရေး၊ တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ချက်တွေနဲ့ စပ်လျဉ်းတဲ့ သတင်း အပုဒ် ၁၂၀ ကို ထည့်သွင်းဖော်ပြခဲ့ပါတယ်။



ဆရာ ဆရာမများ မွမ်းမံသင်တန်းများ၌ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းနှင့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များတွင် လူငယ်စကားဝိုင်းများ ကျင်းပပြုလုပ်ပေးစဉ်။

ဒါ့အပြင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့မှာ ကျင်းပတဲ့ အကြိမ် (၂၀)မြောက် ASEAN-PAC အကြီးအမှူးများ အစည်းအဝေးရဲ့ ဆက်စပ် Event အဖြစ် ဆောင်ရွက်တဲ့ Corruption Eradication Commission (KPK)က ကြီးမှူးကျင်းပတဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ရုပ်ရှင်ပွဲတော် (Anti-Corruption Film Festival- ACFFEST 2024) မှာ ကော်မရှင်က ရိုက်ကူးထားတဲ့ “ကျင့်ဝတ်လိုက်နာကြပါစို့” ဇာတ်လမ်းတိုကို ပါဝင်ပြသနိုင်ခဲ့ပါတယ်။

ပြည်သူလူထုနဲ့ နိုင်ငံ့ဝန်ထမ်းတွေကို အဂတိလိုက်စားမှုနဲ့ ပတ်သက်တဲ့ အသိပညာနဲ့ ဗဟုသုတတွေ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့မှုတွေကတော့-

*(ဆက်လက်ဖော်ပြပါမည်)*






# (၁၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယောဂနေ့အထိမ်းအမှတ်အခမ်းအနား ယောဂသရုပ်ပြလေ့ကျင့်ခြင်းအစီအစဉ်ကျင်းပ



**နေပြည်တော် ဇွန် ၁၅**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးတို့ ပူးပေါင်းစီစဉ်မှုဖြင့် ယနေ့နံနက် ၆ နာရီတွင် နေပြည်တော် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်ရင်ပြင်၌ ကျင်းပခဲ့သည့် (၁၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့ အထိမ်းအမှတ်အခမ်းအနား ယောဂသရုပ်ပြလေ့ကျင့်ခြင်းအစီအစဉ်သို့ တက်ရောက်သည်။

ထိုအစီအစဉ်သို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် ဦးကိုကိုကျော်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီရုံးမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာအဘ်ဟေးတာကူး၊ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် အိန္ဒိယ သံအမတ်ကြီးနှင့်အတူ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်ရင်ပြင်၌ (၁၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယောဂနေ့ အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်အား အမှတ်တရရဂုဏ်ပြုစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၂၀၂၅ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ



**နေပြည်တော် ဇွန် ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၃ ရက်က နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရေလှောင်တမံ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဒုတိယဝန်ကြီးများ၊ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများသည် သတ်မှတ်နေရာများ၌ ရတနာတန်းဝင်ကျွန်းပင်များနှင့် မန်ကျည်းပင်များကို စိုက်ပျိုးကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သတ်မှတ်နေရာများတွင် ဦးစီးဌာနအလိုက် ဝန်ထမ်းများ၏ မိုးရာသီသစ်ပင်စိုက်ပျိုးမှုများကို ကြည့်ရှုအားပေးကြပြီး ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ ဆောင်ရွက်ပေးခြင်းသည် ဆည်တမံဝန်းကျင် စိမ်းလန်းစိုပြည်ရေးသာမက ဒေသ၏ သဘာဝရာသီဥတု ညီညွတ်မျှတရေးကို အထောက်အကူဖြစ်စေမည့် သစ်ပင်သစ်တောများအဖြစ် ကောင်းစွာ ရှင်သန်ဖြစ်ထွန်းစေသည့်အတွက် ဂရုတစိုက် ပြုစုထိန်းသိမ်းသွားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကျင်းပပြုလုပ်သည့် ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်း ၂၀၆ ပင်၊ မန်ကျည်းပင် ၁၀၀ စုစုပေါင်း ၃၀၆ ပင် စိုက်ပျိုးခဲ့ကြကြောင်း၊ ယမန်နှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရေဆင်းရေလှောင်တမံဧရိယာ၌ စိုက်ပျိုးခဲ့သည့် နှစ်ရှည်ပင်များ၏ ၈၅ ရာခိုင်နှုန်းမှာ ကောင်းစွာ ရှင်သန်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေဆင်းတက္ကသိုလ် နယ်မြေအတွင်း ယာယီအဆောက်အအုံများတွင် နေထိုင်ကြသည့် ဝန်ထမ်းများကို နေရာအလိုက် သွားရောက်ကြည့်ရှုအားပေးပြီး မွေ့ရာနှင့် ခေါင်းအုံးများပေးအပ်သည်။

ယင်းနောက် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်ရေသောက်ပင်လောင်းလမ်းဆုံအနီးရှိ နေပန်-လပန် နွေစပါးမျိုးစေ့ထုတ် စိုက်ခင်းများမှ တောင်သူများ ရက် ၉၀ စပါးခင်းရိတ်သိမ်းနေမှုကို ကြည့်ရှုစစ်ဆေးကာ တောင်သူများ လုပ်ဆောင်ရန် လိုအပ်ချက်များကို ပေါင်းစပ်ရှင်းလင်းမှာကြားခဲ့ကြောင်းနှင့် ရိတ်သိမ်းရမည့်အချိန်တွင်မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် အချိန်မီ ရိတ်သိမ်းနိုင်မှုမရှိ၍ တစ်ဧက ပျမ်းမျှ တင်း ၉၀ ကျော်သာထွက်ရှိပြီး နံ့ကောက်စပါးများမှာ တစ်ဧက ပျမ်းမျှတင်း ၁၃၀ ကျော် ထွက်ရှိကြောင်းနှင့် ဆက်လက်ရိတ်သိမ်းဆဲဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဆိုချီမြို့၌ ပဉ္စမအကြိမ်မြောက် ကမ္ဘာ့ဇီဝလုံခြုံမှုညီလာခံပိတ်ပွဲတက်ရောက်




**နေပြည်တော် ဇွန် ၁၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုချီမြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပလျက်ရှိသော 5th International Scientific and Practical Conference "Global Biosecurity Challenges, Problems and Solutions" ညီလာခံ၏ ဒုတိယနေ့အစီအစဉ်များကို ဇွန် ၁၁ က ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဆက်လက်တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီးသည် ဇီဝလုံခြုံမှုကဏ္ဍအတွက် နည်းပညာဆိုင်ရာ အခွင့်အလမ်းသစ်များနှင့် ထိခိုက်မှုအန္တရာယ်များ ပေါ်ထွန်းလာမှု (ဉာဏ်ရည်တုနည်းပညာနှင့် ဒြပ်ပေါင်းဇီဝဗေဒ) [New Opportunities and Emerging Risks of Technology in the Context of Biosecurity: Artificial Intelligence and Synthetic Biology] ခေါင်းစဉ်ဖြင့် ရုရှားရှိ ဗိုင်းရပ်စ်ဗေဒသိပ္ပံ၊ ဇီဝအော်ဂင်းနစ်သုတေသနဌာန၊ မိုက်ခရိုအော်ဂင်းနစ် သုတေသနဌာန၊ မော်လီကျူးယန္တရား သုတေသနဌာန၊ ဓာတုနှင့် ဇီဝအန္တရာယ်များ ကာကွယ်ထိန်းချုပ်ရေး ဗဟိုသုတေသနသိပ္ပံတို့မှ ပညာရှင်များ၏ ဆွေးနွေးပွဲသို့ လည်းကောင်း ညီလာခံ၏ Session 6 အဖြစ် ကျင်းပသော BTWC ၏ Article X အရ နိုင်ငံတကာနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ ခေါင်းစဉ်ဖြင့် ရုရှား၊ တရုတ်၊ အာရှ-ပစိဖိတ်နှင့် အာဖရိကတို့ရှိ BTWC ဆိုင်ရာ အဖွဲ့အစည်းအသီးသီးတို့မှ တာဝန်ရှိသူများ၏ ဆွေးနွေးပွဲကို လည်းကောင်း၊ Amphitheatre ခန်းမ၌ကျင်းပသည့် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ဇီဝလုံခြုံမှုအတွက် နည်းပညာတီထွင် ဆန်းသစ်မှုများ (Innovations for Regional and Global Biosecurity) ခေါင်းစဉ်ဖြင့် ကျင်းပသော Plenary Session II ကို လည်းကောင်း တက်ရောက်ခဲ့သည်။

ဆက်လက်၍ ယင်းခန်းမ၌ ညီလာခံပိတ်ပွဲ အခမ်းအနားကို ကျင်းပရာ ညီလာခံ၏ Session ခြောက်ခုမှ ဆွေးနွေးပွဲညှိနှိုင်းကွပ်ကဲသူခြောက်ဦးတို့က ဆွေးနွေးပွဲရလဒ်များကို အနှစ်ချုပ်ပြန်လည်ရှင်းလင်းတင်ပြကြပြီး ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E Mr. Sergey Ryabkov က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **သတင်းစဉ်**

❊ ကျောဖုံးမှ

အုပ်စုပထမနေရာအတွက် လိုအပ်နေသည့် သရေတစ်မှတ် ရယူခဲ့သည်။ ထို့ပြင် Dagon Port အသင်းမှာလည်း နှစ်ကြိမ်တိုင် နောက်မှလိုက်ကစားကာ သရေတစ်မှတ်ရယူပြီး ကွာတားဖိုင်နယ် တက်ရောက်ခဲ့သည်။

အုပ်စု (A) ပွဲစဉ်များအပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၁၀ မှတ်ဖြင့် အုပ်စုပထမ၊ Dagon Port အသင်းက ရမှတ်ခုနစ်မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ကွာတားဖိုင်နယ် တက်ရောက်ပြီး ခြောက်မှတ်ရသည့် သစ္စာအားမာန်အသင်း၊ လေးမှတ်ရသည့် တက္ကသိုလ်အသင်းနှင့် အမှတ်မရသည့် YB United အသင်းတို့မှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ အုပ်စု (B) ပွဲစဉ်များအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၁၀ မှတ်ဖြင့် အုပ်စုပထမ၊ ရှောဝတီယူနိုက်တက်အသင်းက ခုနစ်မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ကွာတားဖိုင်နယ် တက်ရောက်ခဲ့ပြီး လေးမှတ်စီရရှိသည့် ရန်ကုန်ရှိုင်ရယ်အသင်းနှင့် မဟာယူနိုက်တက်အသင်း၊ တစ်မှတ်ရရှိသည့် ကချင်ယူနိုက်တက်အသင်းတို့မှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ အုပ်စု (C) ပွဲစဉ်များအပြီးတွင် ရခိုင်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း ရှစ်မှတ်စီတူညီသော်လည်း ဂိုးကွာခြားချက်ဖြင့် ရခိုင်ယူနိုက်တက်အသင်းက အုပ်စုပထမ၊ ဟံသာဝတီယူနိုက်တက်အသင်းက အုပ်စုဒုတိယရရှိကာ ကွာတားဖိုင်နယ်တက်ရောက်ခဲ့သည်။ ငါးမှတ်စီရရှိသည့် အား/ကာသိပ္ပံနှင့် Chinland အသင်း၊ အမှတ်မရသည့် Glory Goal အသင်းတို့မှာ အုပ်စုမှ ထွက်ခဲ့ရသည်။ အုပ်စု (D) တွင်မူ ရတနာပုံအသင်းနှင့် မြဝတီအသင်း ကိုးမှတ်စီတူသော်လည်း ဂိုးကွာခြားချက်ဖြင့် ရတနာပုံအသင်းက အုပ်စုပထမ၊ မြဝတီအသင်းက အုပ်စုဒုတိယရရှိကာ နောက်တစ်ဆင့်တက်ရောက်ခဲ့ပြီး ခုနစ်မှတ်ရသည့် ဒဂုံစတားအသင်း၊ လေးမှတ်ရသည့် ရာမညယူနိုက်တက်နှင့် အမှတ်မရသည့် ငွေကြယ်ပွင့်အသင်းတို့မှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ဇွန် ၁၈ ရက်တွင် သုဝဏ္ဏကွင်း၌ မြဝတီအသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း၊ YUSC ကွင်း၌ Dagon Port အသင်းနှင့် ရတနာပုံအသင်း၊ ဇွန် ၁၉ ရက်တွင် သုဝဏ္ဏကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့်ရှောဝတီယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင် ၊ ဓာတ်ပုံ-MNL**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့ ရုပ်ရှင်မြို့တော်စီမံကိန်းကို ကြည့်ရှုစစ်ဆေးပြီး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေး

နေပြည်တော် ဇွန် ၁၅

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့သည် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကဆောင်ရွက်နေသည့် ရုပ်ရှင်မြို့တော်စီမံကိန်းကို ကြည့်ရှုစစ်ဆေးပြီး မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့တက်ရောက်၍ သစ်ပင်များ စိုက်ပျိုးပေးကြသည်။**



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက ဦးအောင်လွင်၊ ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် အနုပညာရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်မှ အမှုဆောင်များ တက်ရောက်ကြသည်။

ဦးစွာ ရုပ်ရှင်မြို့တော်စီမံကိန်း ဆောင်ရွက်မှု ဗီဒီယိုမှတ်တမ်းကို ပြသပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အတွင်းရေးမှူး ဦးဇော်မြင့်ဦးက ရုပ်ရှင်မြို့တော်စီမံကိန်း ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရုပ်ရှင်မြို့တော်စီမံကိန်းကို စတင်ဆောင်ရွက်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် တရားဝင် လုပ်ကိုင်ခွင့်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ရုပ်ရှင်မြို့တော်စီမံကိန်းသည် ရုပ်ရှင်လောကသားများအတွက်သာမက နိုင်ငံတော်နှင့် ပြည်သူများအတွက်ပါ အရေးပါသည်ဟု ပြောကြားလိုပါကြောင်း၊ အဆိုပါစီမံကိန်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အနေဖြင့် အစည်းအရုံး၏ရန်ပုံငွေဖြင့် ဆောင်ရွက်သည့်နည်းလမ်း၊ နိုင်ငံတော်မှ လိုအပ်သည့် ရင်းနှီးမတည်ငွေများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ချေးယူဆောင်ရွက်သည့်နည်းလမ်းနှင့် Public–Private –Partnership နည်းလမ်းဆိုသည့် နည်းလမ်းသုံးခုအနက် သင့်လျော်ရာ နည်းလမ်းဖြင့် လုပ်ဆောင်ကြရမည် ဖြစ်ပါကြောင်း၊ ယခုစီမံကိန်းအောင်မြင်ပါက ရုပ်ရှင်ရိုက်ကူးရေးလုပ်ငန်းများကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်သာ ဆောင်ရွက်ကြရမည်ဖြစ်သဖြင့် အနုပညာရှင်များ အတွက် များစွာအဆင်ပြေလွယ်ကူမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်နားခဲ့သော ရုပ်ရှင်ပြသခြင်းလုပ်ငန်းများကို ပြန်လည်ရှင်သန်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ယခုအချိန်တွင် ပုံမှန်အခြေအနေသို့ရောက်ရှိပြီး ရုပ်ရှင်လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း။

စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရုပ်ရှင်နှင့်ပတ်သက်သည့် အခြေခံအဆောက်အအုံများကို ဦးစွာဆောက်လုပ်ရန်နှင့် အခြား အပန်းဖြေလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်ခဲ့ပါက မူလရည်ရွယ်ချက်များနှင့် လွဲချော်မှုဖြစ်သွားနိုင်သဖြင့် ဂရုပြု ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ယခုစီမံကိန်းလုပ်ငန်း အောင်မြင်စေရေးအတွက် အနုပညာရှင်များအားလုံးက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုကြောင်း၊ ရုပ်ရှင်အနုပညာလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံအတွက် အလေးထား ဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်သဖြင့် ရုပ်ရှင်ဇာတ်ကားများ အဆင့်မြင့်စွာ ရိုက်ကူးထုတ်လုပ်ရေးနှင့် ရုပ်ရှင်ရုံများတွင် စနစ်တကျပြသနိုင်ရေးအတွက်လည်း မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲက မိုးရာသီရောက်ရှိပါက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် တစ်နိုင်ငံလုံးတွင် ဒေသအလိုက် သင့်လျော်မည့် အပင်များကို စိုက်ပျိုးရမည်ဟု လမ်းညွှန်ထားပါကြောင်း၊ ယခု ရုပ်ရှင်မြို့တော် စီမံကိန်းတွင် အပင် ၆၀၀ ခန့် စိုက်ပျိုးမည် ဖြစ်သဖြင့် အင်မတန်ကောင်းမွန်ပါကြောင်း၊ ရုပ်ရှင်အနုပညာရှင်များအနေဖြင့် နိုင်ငံတော်တွင် သဘာဝ ဘေးအန္တရာယ်များ ကျရောက်ချိန်တွင် ပြည်သူလူထုအတွက် တတ်နိုင်သမျှ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့သည်ကို တွေ့ရှိခဲ့ရသဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌက ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယက ဦးအောင်လွင်က ဝမ်းမြောက်စကား ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် တက်ရောက်လာသည့် အနုပညာရှင်များ၊ ဝန်ထမ်းများနှင့်အတူ သတ်မှတ်နေရာများတွင် သစ်ပင်များ စိုက်ပျိုးပေးခဲ့ကြသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး မိုးစပါးနှင့် ဆီထွက်သီးနှံများအတွက် သွင်းအားစုများပေးအပ်ပွဲနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်စွာ ပြန်လည်ကျင်းပနိုင်ရေးညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် ဇွန် ၁၅**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် ဝင်တဲကူးကျေးရွာ ရွာဦးကျောင်းတိုက် ကျောင်းထိုင် ဆရာတော်အား သွားရောက် ဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဝင်တဲကူးကျေးရွာအုပ်စု သစ်တောကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းခန်းမ၌ ကျင်းပသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးနှင့် ဆီထွက်သီးနှံများအတွက် သွင်းအားစုများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ဒေသခံတောင်သူများထံ သွင်းအားစုများ ပေးအပ်ကြသည်။

ဆက်လက်၍ နေပြည်တော် ကောင်စီဥက္ကဋ္ဌသည် လယ်ဝေး မြို့နယ် ကန်လှကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား စခန်းသွင်းလေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများကို တွေ့ဆုံအားပေးစကား ပြောကြား၍ စားသောက်စရိတ်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ပြန်လည်ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်အမှာစကား ပြောကြားပြီး တက်ရောက်လာကြသူများ၏ဆွေးနွေးတင်ပြချက်များ အပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပျဉ်းမနားမြို့နယ် ကျီးဖြူရိုးကျေးရွာ ရွာဦးကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ငလျင်ဘေးကြောင့် ထိခိုက်ခဲ့သော ကျောင်းဆောင်များကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ပြန်/ဆက်)**



မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် အမှတ် (၁၅) ရပ်ကွက် ဇီးချိုပင် ဂေါက်ကွင်း၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၅ ရက်တွင် ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများက ပျိုးပင်မျိုးစုံ ၃၀၀ စုပေါင်း စိုက်ပျိုးစဉ်။ ကျော်မိုး(ပြန်/ဆက်)

**သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**

❖ *ကျော်ဖုံးမှ*

ဘတ်စ်ကွက်ဇ် စသည့်အဓိက ကစားသမားအများစုဖြင့် အယ်အာလီအသင်းကို ရင်ဆိုင်လာခဲ့သည်။ ပြိုင်ဘက်အယ်အာလီအသင်းကလည်း အားထားရသည့် ကစားသမား အစုံအလင်ဖြင့် ပွဲထွက်လာခဲ့သည်။

နှစ်သင်းကြား ခြေစွမ်းကွာဟမှုမရှိဘဲ အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် ပြိုင်ဆိုင်မှုပြင်းထန်ပြီး အကြိတ်အနယ် ရှိခဲ့သည်။ အယ်အာလီအသင်းသည် ပွဲကစားချိန် ၄၃ မိနစ်တွင် ပယ်နယ်တီကန်သွင်းခွင့် ရရှိခဲ့သော်လည်း တောင်ပံတိုက်စစ်ကစားသမား ထရေဇီဂွက်၏ ကန်သွင်းယူမှု လွဲချော်ခဲ့သည့်အတွက်နစ်နာခဲ့ရသည်။ ထို့နောက် နှစ်သင်းစလုံး လူစားပြောင်းလဲမှုများပြုလုပ်ကာ သွင်းဂိုးရရှိရေး ကြိုးပမ်းလာသော်လည်း ပွဲချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ဂိုးမရှိ သရေကျခဲ့ခြင်းဖြစ်သည်။

အယ်အာလီ အသင်းသည် လာမည့်ပွဲစဉ်အဖြစ် ဇွန် ၁၉ ရက်တွင် ဘရာဇီးကလပ် ပါးမီးယပ်စ် အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပြိုင်ဘက် အင်တာမိုင်ယာမီအသင်းက ပေါ်တူဂီကလပ် ပေါ်တိုအသင်းနှင့် ဇွန် ၂၀ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

အယ်အာလီနှင့် အင်တာမိုင်ယာမီအသင်းတို့သည် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု(က) တွင် ပါးမီးယပ်စ်၊ ပေါ်တိုအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

**အောင်ဖေ**

# ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၄)

ဒေါက်တာမျိုးကြွယ် (အငြိမ်းစားပါမောက္ခချုပ်)

ဩစတြေးလျက စိုက်ပျိုး၊ မွေးမြူရေးမှာ ထိပ်တန်းရောက်နေပြီး စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များစွာ နိုင်ငံတကာသို့ တင်ပို့နေပါသည်။ ဒုတိယနိုင်ငံခြားဝင်ငွေရရှိသော စိုက်ပျိုးမွေးမြူရေးထုတ်ကုန်မှာ အသားဖြစ်ပါသည်။ အသားထုတ်လုပ်ငန်းအတွက် လိုအပ်သော တိရစ္ဆာန်အစာ(သို့) စားကျက်သီးနှံများ အကြောင်း ဆက်ရေးသားပါမည်။

**လွှတ်ကျောင်းစိုက်ခင်းများ**

ဩစတြေးလျ အသားထုတ်လုပ်ငန်းအတွက် အဓိက အစားအစာ၊ စားကျက်သီးနှံကတော့ ကျယ်ပြန့်သော လွှတ်ကျောင်းစနစ်ကိုပဲ အသုံးပြုပြီး ရိတ်ကျွေးစနစ်ကတော့ အသုံးပြုမှု အလွန်နည်းပါသည်။ ယခုတော့ မြက်ခင်းစနစ်၊ လွှတ်ကျောင်းစနစ်အကြောင်း ခရီးသွားအတွေ့အကြုံအပါအဝင် ရေးသားပါမည်။ ဩစတြေးလျနိုင်ငံ၏ ကျယ်ဝန်းထူပြောလှသော မြေ၊ ရာသီဥတုအမျိုးမျိုးအကြားတွင် လွှတ်ကျောင်းမြက်ခင်းစနစ် ဆောင်ရွက်ရန် အကောင်းမွန်ဆုံး ဖြစ်ပါသည်။

အဓိကလွှတ်ကျောင်းစနစ် သုံးမျိုးမှာ -

(က) **ဆက်တိုက်လွှတ်ကျောင်းစနစ်။** တိရစ္ဆာန်များကို မြေအလှည့်ကျမထားဘဲ ကွင်းနေရာတစ်ခုမှာ တောက်လျှောက်ထားခြင်းစနစ် ဖြစ်ပါသည်။

(ခ) **အလှည့်ကျလွှတ်ကျောင်းစနစ်။** တိရစ္ဆာန်များကို တစ်နေရာတည်းမထားဘဲ ကွင်းနေရာရွှေ့ပြောင်းထားခြင်းစနစ် ဖြစ်ပါသည်။

(ဂ) **စိုက်ကွင်းတစ်ခုထဲ၌ အကွက်ငယ်များရိုက်ပြီး အလှည့်ကျစနစ်။** တိရစ္ဆာန်များကို ကွင်းတစ်ခုတည်းတွင် အကွက်ငယ်ကလေးများအတွင်း အလှည့်ကျ လွှတ်ကျောင်းပေးခြင်း ဖြစ်ပါသည်။

(ဃ) **လွှတ်ကျောင်းခြင်းမပြုသောစနစ်။** တိရစ္ဆာန်များကို ကွင်းထဲတွင်ထားပြီး ရိတ်ကျွေးသောစနစ်ဖြစ်ပါသည်။ ဩစတြေးလျတွင် ဤစနစ်ကို ၅ - ၁၀ ရာခိုင်နှုန်းခန့်သာ အသုံးပြုပါသည်။ အထူးသဖြင့် ဩစတြေးလျနိုင်ငံအတွင်း မြေတန်ဖိုးမြင့်မားနေသောနေရာများ၊ လွှတ်ကျောင်းစားကျက်ပင်များ ရှားပါးနေသောနေရာများ၊ သီးနှံအခြေပြုတိရစ္ဆာန်စာတွင် ရိတ်ကျွေးစနစ်ကို အသုံးပြုပါသည်။

ဩစတြေးလျ နိုင်ငံအတွင်း စုစုပေါင်းမြေဧရိယာ၏ ၄၃-ရာခိုင်နှုန်း (၃၃၂ ဟက်တာသန်းခန့်) သည် လွှတ်ကျောင်းဧရိယာများ ဖြစ်ပါသည်။ (တိရစ္ဆာန်ကျွေးမှုစုစုပေါင်း ၉၀-၉၅ ရာခိုင်နှုန်း)၊ မွေးမြူရေးတိရစ္ဆာန် စုစုပေါင်း၏ ၅-၁၀ ရာခိုင်နှုန်း(အနည်းငယ်)သာရိတ်ကျွေးစနစ် သုံးနေပါသည်။

နောက်လွှတ်ကျောင်းမြေများနှင့် ပတ်သက်၍






ဩစတြေးလျ လွှတ်ကျောင်းမြေများ

ဇယား-၁ သစ်တောနှင့် အပင်အနည်းငယ်ရှိသောမြေ ကွာခြားချက်

| စဉ် | ထင်ရှားလက္ခဏာ | သစ်တော | အပင်အနည်းငယ်ရှိသောမြေ |
|---|---|---|---|
| ၁ | သစ်ပင်ပါဝင်မှု | များ (အပင်စိတ်) | နည်း (အပင်ကျဲ) |
| ၂ | အပင်ရိပ်/ရွက်အုပ် | ၄၀-ရာခိုင်နှုန်းထက်ပို | ၄၀-ရာခိုင်နှုန်းထက်လျော့ |
| ၃ | အပင်အောက်/အောက်ခံလွှာ အောက်ပေါင်း | အလင်းရောင်နည်း၊ အရိပ်ထူ၊ မြက်နဲ | အလင်းရောင်များ၊ အရိပ်ပါး၊ မြက်များ |
| ၄ | အလင်းရောင်ဖောက်မှု | နည်း | အလယ်အလတ်/များ |
| ၅ | ဇီဝမျိုးစုံ၊ မျိုးကွဲများ | အရိပ်ကျဒဏ်ခံ အပင်မျိုးများ | အပင်စုံ - မြက်များ |
| ၆ | နမူနာ | အပူပိုင်းသစ်တော | ဆာဗာနားမြက်ခင်း |

ဇယား - ၂ မွေးမြူရေးတိရစ္ဆာန်များ ကျွေးမွေးရေးစနစ် အားသာချက်/အားနည်းချက်များ

| ကျွေးမွေးသည့်စနစ် | ကောင်းကျိုး | ဆိုးပြစ် |
|---|---|---|
| ဆက်တိုက်လွှတ်ကျောင်းစနစ် | ကုန်ကျစရိတ် နည်းသည်။ မိုးတွင်း နွားစာပိုပေါ၊ စီမံခန့်ခွဲမှုနည်းပါး | လိုအပ်သည်ထက် ပိုထားမိ၍ မြက်ပင်များ ပြန်အထနှေး၊ တိရစ္ဆာန်များ အတွင်း၊ အပြင် ကပ်ပါးပိုများနိုင် |
| အလှည့်ကျလွှတ်ကျောင်းစနစ် | ပေါင်းပေါက်မှု၊ မြေဆီလွှာဆုံးရှုံးမှုနည်း၊ မြေကြီးကြပ်တီးပြင်ဖြစ်မှုနည်း | လုပ်အားပိုကုန်၊ ခြံစည်းရိုးများ၊ အခြားပစ္စည်းများ ကုန်ကျစရိတ်ရှိနိုင် |
| ရိတ်ကျွေးစနစ် | တိရစ္ဆာန်များရောဂါ၊ ပိုးမွှားကျရောက်မှုနည်း၊ တိရစ္ဆာန်များမပျောက်၊ မြေနေရာကျယ်စရာမလို | ရိတ်ကျွေးရန် အချိန်ကုန်၊ လုပ်အားကုန်၊ ငွေကုန် သယ်ယူပို့ဆောင်စရိတ်တက်၊ အချိန်မရွေးမရိတ်နိုင် |

အခြားအဓိပ္ပာယ်ဖော်မှု တစ်ခုကိုလည်း သိစေချင်ပါသည်။

တိရစ္ဆာန်အားလုံး နေထိုင်ကျက်စားမြေဆိုသည်မှာ မွေးမြူထားသော တိရစ္ဆာန်များနှင့် တောရိုင်းတိရစ္ဆာန်များ နေထိုင်စားသုံးနိုင်သော မြက်ခင်းမြေ၊ ချုံပုတ်မြေ၊ အပင်အနည်းငယ်ရှိသောမြေ၊ ရေတိမ်ဒေသမြေ၊ သဲကန္တာရမြေအားလုံး ပါဝင်ပါသည်။

စာရေးသူတို့ မြန်မာနိုင်ငံ၏ မြေယာအသုံးပြုမှု အနေအထားအရ လွှတ်ကျောင်းစနစ်ထက်ရိတ်ကျွေးစနစ် အသုံးပြုသည့် မွေးမြူရေးတိရစ္ဆာန် အရေအတွက် ပိုများနိုင်ပါသည်။

ဩစတြေးလျနိုင်ငံ စားကျက်စိုက်ပျိုးရေးနှင့် လွှတ်ကျောင်းမွေးမြူရေး သင်ကြား/ သုတေသနပြုနေသော တက္ကသိုလ်များ

(က) ဆစ်ဒနီတက္ကသိုလ်

သင်ကြားနေသော ဘာသာရပ်အချို့ -

(က-၁) စိုက်ပျိုးရေးဂေဟစနစ်စီမံခန့်ခွဲမှု

(က-၂) သီးနှံနှင့် စားကျက်စိုက်ပျိုးပြုစုရေး

(က-၃) ဒစ်ဂျစ်တယ်နည်းနှင့်စားကျက်ထုတ်လုပ်ရေး

(က-၄) ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးမွေးမြူထုတ်လုပ်ရေးစနစ်များ စသည်တို့ဖြစ်ပြီး ပြုလုပ်နေသောသုတေသနများမှာ -

ဒေသအသိနှင့် ခေတ်မီစနစ် ပေါင်းစပ်ပြီး မြက်စိုက်ပျိုးထုတ်လုပ်ရေး၊ ဒေသမျိုးများ မျိုးစေ့ထုတ်လုပ်ရေး၊ ဒေသမျိုးများ ပတ်ဝန်းကျင်၊

*စာမျက်နှာ ၁၁ သို့*

❖ **မြန်မာနိုင်ငံ၏ မြေယာအသုံးပြုမှု အနေအထားအရ လွှတ်ကျောင်းစနစ်ထက် ရိတ်ကျွေးစနစ် အသုံးပြုသည့် မွေးမြူရေးတိရစ္ဆာန်အရေအတွက် ပိုများနိုင်**

❖ **စားကျက်ဂေဟဗေဒနှင့် အာဟာရဓာတ်၊ တိရစ္ဆာန်အစာများ ကြာရှည်ခံအောင် ထိန်းသိမ်းနည်း၊ အမျိုးမျိုးကွဲပြားသော ဩစတြေးလျ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသော လွှတ်ကျောင်းစနစ် စီမံခန့်ခွဲမှု စသည်တို့ဖြစ်**







လွှတ်ကျောင်းစနစ်အမျိုးမျိုး

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် မင်းဘူး(စကု)မြို့နယ်၌ မိုးများ၍ နွေနှင့် မိုးနှမ်းစိုက်ခင်းများ ထိခိုက်ပျက်စီးမှု ကွင်းဆင်းကြည့်ရှု

**မင်းဘူး ဇွန် ၁၅**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ မိုးများ အဆက်မပြတ်ရွာသွန်းပြီး ဒေသခံတောင်သူများ၏ သီးနှံစိုက်ခင်းများအတွင်း မိုးရေဝင်ရောက်မှုများကြောင့် နွေနှမ်းနှင့် မိုးနှမ်းသီးနှံ စိုက်ခင်းများ ထိခိုက်ပျက်စီးမှုအခြေအနေများကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများက ဇွန် ၁၄ ရက်က သွားရောက်ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ထိုသို့စစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရေပုတ်ကျေးရွာ ကွင်းအမှတ် ၁၂၃၇(က)၊ လက်ခုပ္ပင် ကျေးရွာ ကွင်းအမှတ် ၁၂၄၇ နှင့် တောင်မန်းကျေးရွာ ကွင်းအမှတ် ၁၂၈၂ သို့ သွားရောက်ပြီး မြို့နယ်အတွင်း မိုးများ၍ နွေနှမ်းနှင့် မိုးနှမ်းသီးနှံစိုက်ခင်းများ၌ ရေကြီးနစ်မြုပ် ထိခိုက်ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒေသခံတောင်သူများ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ အခက်အခဲနှင့် လိုအပ်ချက်တင်ပြမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်သည့် စိုက်ခင်းများ၌ သီးနှံအသစ် အချိန်မီအစားထိုးစိုက်ပျိုးနိုင်ရေး နည်းပညာများနှင့် ပြန်လည်ကုစားနိုင်ရေး ဆောင်ရွက်ရမည့် နည်းလမ်းများကို သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



မင်းဘူး(စကု)မြို့နယ်၌ မေလနောက်ဆုံးပတ်နှင့် ဇွန်လအတွင်း မိုးရွာသွန်းမှုများကြောင့် ကျေးရွာအုပ်စုပေါင်း ၂၇ အုပ်စုမှ စိုက်ကွင်းပေါင်း ၅၇ ကွင်းရှိ တောင်သူပေါင်း ၁၁၅၄ ဦးတို့၏ ဆီထွက်သီးနှံ စိုက်ခင်းများဖြစ်သော နွေနှမ်း ၄၀၁၅ ဧကနှင့် မိုးနှမ်း ၆၇ ဧက စုစုပေါင်း နှမ်းသီးနှံစိုက်ခင်း ၄၀၈၂ ဧက အတွင်း မိုးရေများဝင်ရောက်ပြီး ရေကြီးနစ်မြုပ်မှု ဖြစ်ပွားကာ နှမ်းသီးနှံစိုက်ခင်းများ ထိခိုက်ပျက်စီး ဆုံးရှုံးမှု ဖြစ်ပွားခဲ့ကြောင်း မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီထံမှ သိရသည်။

**မောင်မောင်(မင်းဘူး)**

## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့်အထိမ်းအမှတ် ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ပေးအပ်

**မြိတ် ဇွန် ၁၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀) ပြည့် အထိမ်းအမှတ်အဖြစ် ခရိုင်ဦးစီးမှူးရုံးနှင့် မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းမိသားစုများ၏ ဆွမ်းကျွေးတရားတော်နာ အလှူမင်္ဂလာကို ယနေ့ နံနက်ပိုင်းက မြိတ်မြို့ ကလွင်ရပ် သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၌ ကျင်းပသည်။



ဦးစွာ မြိတ်ခရိုင်ဦးစီးမှူး ဦးအောင်မြင့်၊ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများက သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ခဲ့ကြ၍ ပရိတ်တရားတော်များ နာယူကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်းနှင့် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ယင်းနောက်သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်း၍ ဧည့်ပရိသတ်များအား နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးသည်။

ဆက်လက်၍ နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးအဖြစ် အဆင့်မြင့်ပညာတစ်ဦးကို ငွေကျပ် ၆၀၀၀၀၊ အထက်တန်း လေးဦးကို ငွေကျပ် ၄၀၀၀၀ စီနှင့် အလယ်တန်းတစ်ဦးကို ငွေကျပ် ၃၀၀၀၀ နှင့် မူလတန်းနှစ်ဦးကို ငွေကျပ် ၂၀၀၀၀ စီကို ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးများက ချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**



သုံးခွမြို့နယ်ဦးစီးမှူး ဦးထွန်းဆွေနှင့် ဝန်ထမ်းများက စပါယ်ချောင်ကျေးရွာဓမ္မာရုံ၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ဇွန် ၁၄ ရက်က နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric Data လုပ်ငန်းကွင်းဆင်းပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးလင်းမောင်သက်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

ကိုကျော်(သုံးခွ)

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် ဇွန် ၁၅**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။.

**မိုး/ဇလ**

*စာမျက်နှာ ၁၀ မှ*

စီးပွားရေး၊ စိုက်ပျိုးထုတ်လုပ်ရေး၊ အဆင့်မြင့် အာရုံခံကိရိယာနှင့် စာရင်းဇယားအသုံးပြုပြီး စားကျက်အခြေပြု နို့စားနွားထုတ်လုပ်ရေး စသည်တို့ ဖြစ်ပါသည်။

**(ခ) နယူးအင်ဂလန်တက္ကသိုလ်**

ဤတက္ကသိုလ်က စိုက်ပျိုးမွေးမြူရေးသိပ္ပံဘွဲ့များအပြင် ကျေးလက်ဒေသ သိပ္ပံဘွဲ့ကိုပါ ပေးအပ်ပါသည်။

သင်ကြားနေသောဘာသာရပ်အချို့ -

(ခ-၁) စားကျက်စိုက်ပျိုးရေးနှင့်စီမံခန့်ခွဲမှု

(ခ-၂) စမတ်ခေတ်မီစနစ်ကျစိုက်ကွင်းများ

(ခ-၃) လွှတ်ကျောင်းနည်းစနစ်များ စသည်တို့ ဖြစ်ပြီး ပြုလုပ်နေသော သုတေသနများမှာ -

စားကျက်ဂေဟဗေဒနှင့် အာဟာရဓာတ်၊ တိရစ္ဆာန်အစာများ ကြာရှည်ခံအောင် ထိန်းသိမ်းနည်း၊ အမျိုးမျိုးကွဲပြားသော ဩစတြေးလျ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသော လွှတ်ကျောင်းစနစ် စီမံခန့်ခွဲမှု စသည်တို့ဖြစ်ပါသည်။

**(ဂ) ကွင်းစလန်တက္ကသိုလ်**

ဤတက္ကသိုလ်က စိုက်ပျိုးမွေးမြူရေးသိပ္ပံဘွဲ့များအပြင် အပင်သိပ္ပံဘွဲ့၊ တောရိုင်းဒေသဆိုင်ရာ သိပ္ပံဘွဲ့၊ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုဘွဲ့များကိုပါ ပေးအပ်ပါသည်၊

သင်ကြားနေသောဘာသာရပ်အချို့ -

(ဂ-၁) စားကျက်သိပ္ပံနှင့်စီမံခန့်ခွဲမှု၊

(ဂ-၂) ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးနှင့် မွေးမြူရေးစနစ်၊

(ဂ-၃) စားမြုံ့ပြန်တိရစ္ဆာန်များ မွေးမြူထုတ်လုပ်ရေး စသည်တို့ ဖြစ်ပါသည်။

သုတေသနများမှာ -

လွှတ်ကျောင်းနွားများ၏ မီသိန်းထုတ်လုပ်မှု လျော့နည်းစေခြင်း၊ အပူပိုင်းနှင့် အပူလျော့ပိုင်း မြက်ခင်းများ စီမံခန့်ခွဲမှု၊ ရိတ်ကျွေးစနစ်အမျိုးမျိုး၏ ဂေဟပြောင်းလဲမှုစနစ်များ စသည်တို့ဖြစ်ပါသည်။

ဩစတြေးလျနိုင်ငံ၏ ပြည်နယ်မြို့တော်များဖြစ်သော ဆစ်ဒနီ၊ မဲလ်ဘုန်း၊ ဘရစ်စဘိန်း၊ အဲဒီလိတ်၊ ပါတ်သ် စသည့်မြို့ကြီးများတွင် ပြည်နယ်အခြေပြုအဓိကတက္ကသိုလ်ကြီးများတွင် စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်များ ပြည်နယ်တိုင်း၊ မြို့ကြီးတိုင်းတွင် သင်ကြား၊ သုတေသနပြုပေးနေပါသည်။

**စာရေးသူ၏ အတွေးမှာ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှာ နိုင်ငံခြားဝင်ငွေရရှိနိုင်သော၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုသော ဘာသာရပ်များကို ဦးစားပေးကာ ပြောင်းလဲသင်ကြား၊ သုတေသနပြုနိုင်စေရန် အမြန်ဆုံး စတင်ဖို့ အချိန်တန်နေပါပြီဟူ၍။** ။



ဩစတြေးလျနိုင်ငံ၌ ရိတ်ကျွေးစနစ်ဖြင့် အစာအာဟာရကျွေးမွေးစဉ်။



ကွင်းစလန်တက္ကသိုလ် လွှတ်ကျောင်းစနစ်သင်ကြားရေးနှင့်သုတေသန၏ သုတေသနစားကျက်မြင်ကွင်း။

မြန်မာ့အလင်း တနင်္လာ၊ ဇွန် ၁၆၊ ၂၀၂၅

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနသို့ မီးငြိမ်းသတ်ယာဉ်များနှင့် ရှာဖွေကယ်ဆယ်ရေးယာဉ်များ လွှဲပြောင်းပေးအပ်

**ပဲခူး ဇွန် ၁၅**

တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူခဲ့သည် မီးငြိမ်းသတ်ယာဉ်များနှင့် ရှာဖွေကယ်ဆယ်ရေးမီးသတ်ယာဉ်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းမှ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။

ဦးစွာ မီးသတ်ရေယာဉ်များနှင့်ပတ်သက်၍ အချက်အလက်များအား တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးက လိုက်လံရှင်းလင်းတင်ပြမှုပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မီးသတ်ယာဉ်များ ဝယ်ယူဖြည့်တင်းပေးခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးမှုမရှိစေရေး ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ မီးသတ်ယာဉ်များအား လိုအပ်သည့် ဒေသများသို့ ချက်ချင်းခွဲဝေချထားပေးရန်နှင့် မီးသတ်ယာဉ်များ ခွဲဝေချထားပေးရာတွင် မြို့နယ်အလိုက် လူဦးရေ၊ အိမ်ခြေ၊ အိမ်ထောင်စုနှင့် မြို့တွင်းဝင်/ထွက်လမ်းကို အခြေခံပြီး မီးသတ်ယာဉ် အမျိုးအစားအလိုက်ခွဲဝေချထားပေးရန်၊ မီးသတ်သမားများအား မီးသတ်ယာဉ်များနှင့် အကျွမ်းတဝင်ရှိစေရေး လေ့ကျင့်ခြင်း၊ စွမ်းရည်မြှင့် သင်တန်းများပို့ချပေးခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ရန်နှင့် နေ့စဉ်အချိန်ပြည့် ယာဉ်အသင့်၊ စက်အသင့်၊ လူအသင့်ဖြစ်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူခဲ့သည့် 6x6 Fire Fighting Vehicle (Water 2800 Gal & Foam 900 Gal) မီးသတ်ယာဉ် ၁၀ စီး၊ 4x2 Fire Fighting & Rescue Vehicle နှစ်စီး၊ အပေါ့စား မီးသတ်စက် အလုံး ၃၀ နှင့် Chain Saw အလုံး ၃၀ တို့ကို တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးထံ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် မီးသတ်ယာဉ်များဖြင့် သရုပ်ပြမီးငြိမ်းသတ်ခြင်းကိုပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ကြည့်ရှုအားပေးကြသည်။



အဆိုပါ မီးငြိမ်းသတ်ယာဉ် ၁၀ စီးကို ဒိုက်ဦး၊ ရေတာရှည်၊ ဖြူး၊ ပြည်၊ ပန်းတောင်း၊ သဲကုန်း၊ မင်းလှ၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ လက်ပံတန်းမြို့နယ်များသို့ ဖြန့်ခွဲပေးသွားမည်ဖြစ်ပြီး ရှာဖွေကယ်ဆယ်ရေး မီးသတ်ယာဉ်နှစ်စီးကို ပဲခူးမြို့နယ်နှင့် သာယာဝတီခရိုင်သို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၏ သားသမီးများအား ၂၀၂၅ - ၂၀၂၆ ခုနှစ် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကျင်းပ

**တောင်ကြီး ဇွန် ၁၅**

ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံးတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများ၏ သားသမီးများမှ တက္ကသိုလ်အဆင့်၊ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်တို့တွင် တက်ရောက်သည့် ကျောင်းသားကျောင်းသူများ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကားပြောကြားပြီး တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူများနှင့် အခြေခံပညာ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က အခြေခံပညာ အလယ်တန်းအဆင့်နှင့် အခြေခံပညာမူလတန်းအဆင့် ကျောင်းသား ကျောင်းသူများကိုလည်းကောင်း ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ကြသည်။

အဆိုပါ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၏သားသမီးများ ၂၀၂၅-၂၀၂၆ ခုနှစ် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၅၉ ဦး အတွက် ပညာသင်စရိတ်ငွေကျပ် ၁၄၅၀၀၀၀၀ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ရှမ်းပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်း၍ အနိမ့်ပိုင်းနေရာများတွင် ရေကြီးရေလျှံ ဖြစ်ခဲ့မှုကြောင့် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ ရှင်းလင်းခြင်းကို တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်လမ်းဦးစီးဌာန ဦးစီးမှူးက ရွှေညောင် - ညောင်ရွှေကားလမ်းပေါ် ရေကြီးရေလျှံဖြစ်ပေါ်မှုနှင့်ပတ်သက်၍ ရှင်းလင်း၍ ပြည်နယ်လမ်းကြီးကြပ်ရေးအဖွဲ့မှ ပြည်နယ်ဦးစီးမှူးက ခေါင်တိုင်-အင်းတိန်-နာဋ္ဌောင်းကျ-ကျေးပေါခံ-တောင်တို-နောင်ကျော်မော်ဘီလမ်းတွင် ရေကျော်မှုဖြစ်ပွားသည့်နေရာနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသူများက အထွေထွေဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မိတ္ထီလာမြို့၌ အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်းဟောပြော

**မိတ္ထီလာ ဇွန် ၁၅**

မိတ္ထီလာမြို့ သီရိမင်္ဂလာရပ်ကွက်ရှိ အောင်မင်္ဂလာခန်းမ၌ ဇွန် ၁၃ ရက်က မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးလင်းလင်းက အခွန်နှင့်ပတ်သက်၍ သိရှိရမည့် ကိစ္စရပ်များနှင့် လိုက်နာဆောင်ရွက်ရမည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းစဉ်များ၊ ပျက်ကွက်မှုအတွက် ပြစ်ဒဏ်များစသည့်အခွန်ဆိုင်ရာများကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့ပြီး မိတ္ထီလာမြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်နန်းဆိုင်အုံက ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ လက်တွေ့သရုပ်ပြ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဇော်ဘီ**



# ထိုင်းအသင်းနှင့် ကစားရမည့် ဆီမီးဖိုင်နယ်ပွဲအတွက် အကောင်းဆုံးပြင်ဆင်ထားဟု မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းနည်းပြချုပ် ပြောကြား

**ရန်ကုန် ဇွန် ၁၅**

မြန်မာ ယူ-၁၉ အမျိုးသမီး လူငယ်လက်ရွေးစင်အသင်း နည်းပြချုပ် ဒေါ်သက်သက်ဝင်းက ဇွန် ၁၆ ရက်တွင် ယှဉ်ပြိုင်ရမည့် အာဆီယံ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲအတွက် အကောင်းဆုံးပြင်ဆင်ထားကြောင်း ပြောကြားသည်။

ဇွန် ၁၅ ရက်က ပြုလုပ်သည့် ဆီမီးဖိုင်နယ်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် မြန်မာ ယူ-၁၉ အမျိုးသမီးလူငယ်လက်ရွေးစင်အသင်း နည်းပြချုပ် ဒေါ်သက်သက်ဝင်းက "ဆီမီးဖိုင်နယ်ဖြစ်တဲ့အတွက် ရေကုန်ရေခန်း ယှဉ်ပြိုင်ကစားရမှာပါ။ ကစားသမားတွေရဲ့ စိတ်ဓာတ်ပိုင်းကို မြှင့်တင်ပေးထားသလို ပြိုင်ဘက်အသင်းရဲ့ အားနည်းချက် အားသာချက်တွေကိုလည်း လေ့လာထားပါတယ်။ ကစားသမားတွေရဲ့ ကြိုးစားအားထုတ်မှုနဲ့ ရလဒ်ကောင်းတစ်ခုရယူနိုင်ဖို့ ကြိုးစားမှာပါ" ဟု ပြောကြားသည်။

၂၀၂၅ အာဆီယံ ယူ-၁၉ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇွန် ၁၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ထိုင်းအသင်းနှင့် မြန်မာအသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် အိမ်ရှင်ဗီယက်နမ်အသင်းနှင့် အင်ဒိုနီးရှားအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆို

**နေပြည်တော် ဇွန် ၁၅**

ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၄) သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၄)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးဝေကာ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းတက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ် ၊ ဇွန်လ)




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေး ရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

### စနစ်တကျစွာ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်နည်း



ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပါ။



အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။



စနစ်တကျ လက်ဆေးပါ။

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် -

ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန် တိုက်တွန်းပြောကြားပေးပါ။

ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပုဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊





(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊



(၃) ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။





ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုကို မဖြစ်မနေခံယူပါ။




ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန် တိုက်တွန်းပြောကြားပေးပါ။

# အမေရိကန်နိုင်ငံ ဝါရှင်တန်တွင် အကြီးစားစစ်ရေးပြပြုလုပ်သော်လည်း နိုင်ငံတစ်ဝန်းတွင် ဆန္ဒပြမှုများ ဖြစ်ပွားနေ

**ဝါရှင်တန် ဇွန် ၁၅**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရအဖွဲ့သည် ဇွန် ၁၄ ရက်က ဝါရှင်တန်ဒီစီတွင် အကြီးစားစစ်ရေးပြအခမ်းအနားကျင်းပခဲ့ကြောင်း၊ အဆိုပါ စစ်ရေးပြမှုသည် သမ္မတဒေါ်နယ်ထရမ့်၏ ၇၉ နှစ်မြောက်မွေးနေ့နှင့် တိုက်ဆိုင်နေပြီး နိုင်ငံတစ်ဝန်း ဆန့်ကျင်ဆန္ဒပြမှုများဖြစ်ပွားစေခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

စစ်ရေးပြချီတက်ပွဲကို လင်ကွန်းအထိမ်းအမှတ်အဆောက်အအုံမှစပြီး အိမ်ဖြူတော်၏ တောင်ဘက်ခြမ်းအထိ လမ်းကြောင်းတစ်လျှောက် ကျင်းပခဲ့သည်။ သမ္မတဒေါ်နယ်ထရမ့်က အမေရိကန်နိုင်ငံအနေဖြင့် မကြာမီကာလအတွင်း ယခင်ကထက် ပိုမိုကြီးကျယ်ခမ်းနားပြီး အင်အားကြီးမားသည့် အနေအထားတစ်ခုကို ရောက်ရှိလာတော့မည်ဟု ၎င်း၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ စစ်ရေးပြအခမ်းအနားတွင် အမေရိကန်တပ်မတော်တိုက်ပွဲဝင်ရာတွင် အဓိက အားထားရသည့် Abrams တင့်ကားများအပါအဝင် စစ်ဘက်သုံးယာဉ် ၁၅၀ ခန့်နှင့် ဘလက်ဟော့ခ်ရဟတ်ယာဉ်များအပါအဝင် စစ်ဘက်သုံးလေယာဉ် ၅၀ ခန့် ပါဝင်ကြောင်း အမေရိကန်တပ်မတော်က ပြောသည်။ ထို့ပြင် တပ်ဖွဲ့ဝင်အင်အား ခန့်မှန်းခြေ ၆၇၀၀ ခန့် ပါဝင်ကြောင်း သိရသည်။

ဝါရှင်တန်ဒီစီတွင် ထိုကဲ့သို့ စစ်ရေးပြအခမ်းအနားပြုလုပ်မှုမှာ ၁၉၉၁ ခုနှစ်က ပင်လယ်ကွေ့စစ်ပွဲအပြီး သမ္မတ ဂျော့အိတ်ချ်ဒဗလျူဘွတ်ချ်ကျင်းပခဲ့သည့် စစ်ရေးပြပွဲပြီးနောက် ပထမဆုံးအကြိမ် အကြီးစားစစ်ရေးပြပွဲဖြစ်ကြောင်း အမေရိကန်မီဒီယာများတွင် ဖော်ပြထားသည်။ စစ်ရေးပြပွဲသည် အမေရိကန်ဒေါ်လာ ၄၅ သန်းအထိ ကုန်ကျနိုင်သည်ဟု အမေရိကန်တပ်မတော်က ခန့်မှန်းတွက်ချက်ထားသည်။




အခြားတစ်ဖက်တွင် ရှင်ဘုရင် မလိုဟု အမည်ပေးထားသည့် ဆန့်ကျင်ဆန္ဒပြပွဲများ နိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့ကြောင်း၊ ဆန္ဒပြပွဲစီစဉ်သူများ၏ ပြောကြားချက်အရ နေရာပေါင်း ၂၁၀၀ ကျော်တွင် လူပေါင်းငါးသန်းထက်မနည်း ပူးပေါင်းပါဝင်ခဲ့သည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

# အဲအိန္ဒိယလေယာဉ်ပျက်ကျမှုကို စုံစမ်းစစ်ဆေးရန် အဆင့်မြင့်ကော်မတီတစ်ရပ် ဖွဲ့စည်း

**နယူးဒေလီ ဇွန် ၁၅**

အိန္ဒိယအစိုးရသည် အဲအိန္ဒိယလေယာဉ် ပျက်ကျရသည့် အကြောင်းရင်းကို စုံစမ်းရန် အဆင့်မြင့် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းလိုက်သည်။ မြေပြင်ပေါ်၌ သေဆုံးသူများပါ ပေါင်းထည့်လျှင် လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးသူ ၂၇၀ ကျော် ရှိကြောင်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြထားသည်။




အဆိုပါလေယာဉ်သည် ဇွန် ၁၂ ရက်က ခရီးသည် ၂၄၂ ဦးကို တင်ဆောင်ကာ လန်ဒန်မြို့ ဂက်ဝစ်လေဆိပ်သို့ ဦးတည်ပျံသန်းပြီး အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ် အမီဒါဘတ်မြို့မှ ပျံတက်ပြီး မကြာမီပျက်ကျခဲ့ခြင်းဖြစ်သည်။

အစိုးရက လေကြောင်းအာဏာပိုင်များ၏ စုံစမ်းစစ်ဆေးမှုမှ သီးခြားကင်းလွတ်သော အဆင့်မြင့် စုံစမ်းစစ်ဆေးရေးကော်မတီဖွဲ့စည်းကြောင်း ဇွန် ၁၄ ရက်တွင် ကြေညာခဲ့သည်။ အဆိုပါ ကော်မတီတွင် အစိုးရနှင့် အိန္ဒိယတပ်မတော်မှ အရာရှိများ ပါဝင်သည်။

အဆိုပါကော်မတီသည် ဇွန် ၁၆ ရက်တွင် ပထမဆုံးအစည်းအဝေးကို ကျင်းပမည်ဖြစ်ပြီး သုံးလအတွင်း အစီရင်ခံစာ တင်သွင်းရန် စီစဉ်ထားသည်။

အဆိုပါလေယာဉ်သည် ဆေးကောလိပ် အိပ်ဆောင်ပေါ် ပျက်ကျခဲ့ခြင်းဖြစ်ပြီး လေယာဉ်ပျက်ကျစဉ် ကျောင်းသားအများစုမှာ နေ့လယ်စာ စားနေကြသည်ဟု ဒေသခံဆေးဝန်ထမ်းများက အင်န်အိတ်ချ်ကေသို့ ပြောသည်။

အဆိုပါ ဖြစ်ရပ်ကြောင့် ကျောင်းသားလေးဦး သေဆုံးခဲ့ပြီး ၄၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ လေယာဉ်ပေါ် လိုက်ပါလာသည့် လူပေါင်း ၂၄၂ ဦးအနက် တစ်ဦးသာ အသက်ရှင်ကျန်ရစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# နီပေါနိုင်ငံ၌ ဆောက်လက်စတံတားပြိုကျပြီး သုံးဦးသေဆုံး

**ခတ္တမန္ဒူ ဇွန် ၁၅**

နီပေါနိုင်ငံ အရှေ့ပိုင်းတွင် ဇွန် ၁၄ ရက် ညနေပိုင်းက ဆောက်လက်စတံတားတစ်စင်း ပြိုကျမှုဖြစ်ပွားခဲ့ရာ လုပ်သားသုံးဦးသေဆုံးပြီးနောက်ထပ်သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ဇွန် ၁၅ ရက်တွင် ပြောသည်။

အဆိုပါ တံတားသည် ပန်ချထာခရိုင်နှင့် တပ်လယ်ဂျုံခရိုင်တို့ကို ဆက်သွယ်ရန် တည်ဆောက်နေစဉ် ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲက ပြိုကျမှုဖြစ်ပွားကာ ခြောက်ဦးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ထဲမှ သုံးဦးမှာ ဆေးဝါးကုသမှုခံယူနေစဉ် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း ပန်ချထာခရိုင်ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ရှုပီးချ်တမန်ရ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ထိခိုက်ဒဏ်ရာရရှိသူတစ်ဦးမှာလည်း စိုးရိမ်ရအခြေအနေတွင် ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**ဆင်ဟွာ**

# အမေရိကန်နှင့် ကုန်သွယ်မှု သဘောတူညီချက်ရရှိရေး အီးယူရှုန်းကန်နေရ

**ဘရပ်ဆဲလ် ဇွန် ၁၅**

ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလန် ဗွန်ဒါလီယန်က အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နှင့် ဇူလိုင်လ ၉ ရက်မတိုင်မီ ဖုန်းခေါ်ဆိုမှုအတွင်း အမေရိကန်နှင့် ကုန်သွယ်ရေး သဘောတူညီချက်ရရှိရန်ဟူသော ဥရောပ၏ ကတိကဝတ်ကို ဇွန် ၁၄ ရက်တွင် ထပ်လောင်းအတည်ပြုပြောကြားခဲ့သည်။

ဂျီ - ၇ ထိပ်သီးအစည်းအဝေး မတိုင်မီ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် အပြုသဘောဆောင်သော ဖုန်းခေါ်ဆိုမှု ရရှိခဲ့သည်ဟု ဥရောပကော်မရှင်ဥက္ကဋ္ဌက လူမှုကွန်ရက်မီဒီယာပေါ်တွင် ရေးသားခဲ့သည်။

အမေရိကန် အစိုးရ၏ ဆုံးဖြတ်ချက်ဖြစ်သော စတီးနှင့် အလူမီနီယံ သွင်းကုန်ပစ္စည်းများပေါ်တွင် အခွန်စည်းကြပ်မှု ၅၀ ရာခိုင်နှုန်း တိုးမြှင့်လိုက်ခြင်းသည် ယခုလအစောပိုင်းက စတင်အသက်ဝင်ခဲ့သည်။

အခွန်တိုးမြှင့်မှုအသစ်ကြောင့် ကုန်သွယ်ရေး အငြင်းပွားမှုကို တိုးမြှင့်စေပြီး ဥရောပထုတ်လုပ်သူများကို ပြင်းထန်သော စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်စေသည်။

**ဆွေးနွေးပွဲ အရာမရောက်**

အီးယူအဖွဲ့ဝင် ၂၇ နိုင်ငံနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ ဆွေးနွေးပြီးနောက် ဆွေးနွေးပွဲ အရာမရောက်ဘဲ ဇွန် ၁ ရက်မှစတင်ကာ အီးယူသွင်းကုန်များအားလုံးအပေါ်တွင် အခွန် ၅၀ ရာခိုင်နှုန်း စည်းကြပ်မည်ဟု ထရမ့်က ခြိမ်းခြောက်ခဲ့သည်။

ကုန်သွယ်ရေးနှင့်စီးပွားရေး လုံခြုံရေးဆိုင်ရာ ဥရောပကော်မရှင်နာမင်းကြီး မာရို့စ်ဆက်ဖ်ကိုဗစ်က မေ ၂၆ ရက်တွင် အလားတူမှတ်ချက်မျိုးပြောဆိုခဲ့သည်။

**ဇူလိုင် ၉ ရက်အထိ ရွှေ့ဆိုင်း**

ဗွန်ဒါလီယန်မှ ဖုန်းဆက်ပြီးနောက် ထရမ့်သည် ဥရောပကုန်ပစ္စည်းများအပေါ် ကောက်ခံရန်စီစဉ်ထားသည့် အကောက်ခွန်တိုးမြှင့်မှုကို ဇူလိုင် ၉ ရက် အထိ ရွှေ့ဆိုင်းရန် သဘောတူခဲ့သည်။

**ဆင်ဟွာ**

# တူကီယဲနိုင်ငံတွင် မိုးပျံပူဖောင်း ပျက်ကျ ခရီးသွား ၁၉ ဦး ဒဏ်ရာရမှုဖြစ်ပွား

**အန်ကာရာ ဇွန် ၁၅**

တူကီယဲနိုင်ငံ အလယ်ပိုင်းတွင် ဇွန် ၁၅ ရက်က မိုးပျံပူဖောင်းတစ်ခု ပျက်ကျပြီးနောက် တစ်ဦးသေဆုံးပြီး ခရီးသွား ၁၉ ဦး ဒဏ်ရာရရှိကြောင်း ဒေသတွင်းနေ့စဉ်သတင်းစာ ကမ်ဟူရီရတ်က ဖော်ပြသည်။

အက်ဆာရေးပြည်နယ် ဂူဇဲရော့ထ်ခရိုင်ရှိ အစ်ရှ်လာရာတောင်ကြားမှ ပျံသန်းလာသော မိုးပျံပူဖောင်းနှစ်ခုသည် ဂေါ့ဇ်လုခ်ကိုယုဒေသအနီးတွင် ပျံတက်ပြီးနောက်မကြာမီပျက်ကျခဲ့ခြင်းဖြစ်ပြီး ဖြစ်စဉ်ဖြစ်ပွားရသည့် အကြောင်းရင်းကို မသိရသေးကြောင်း ဖော်ပြထားသည်။

မိုးပျံပူဖောင်းပျက်ကျစဉ် မောင်းနှင်သူသည် ဆိုင်းကြိုးများနှင့် ငြိပြီး အောက်သို့ပြုတ်ကျပိမိသေဆုံးသွားခဲ့ခြင်းဖြစ်ကာ ခရီးသည် ၁၉ ဦးလည်း ထိခိုက်ခဲ့ကြောင်း၊ ခရီးသည်များကို ဆေးရုံသို့ ပို့ဆောင်ထားပြီး စစ်ဆေးကုသမှုများ လုပ်ဆောင်ပေးနေကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး မာမက်အလီကွန်ဘူဇိုဂလူက ပြောကြားသည်။ ဒဏ်ရာရခရီးသွားများမှာ အင်ဒိုနီးရှားနိုင်ငံသားများဖြစ်ကြပြီး ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ထားသည်။

**ဆင်ဟွာ**



# အီဂျစ်လေကြောင်းလိုင်းက လက်ဘနွန်၊ ဂျော်ဒန်၊ အီရတ် ခရီးစဉ်ပျံသန်းမှုများ ဖျက်သိမ်း

**ကိုင်ရို ဇွန် ၁၅**

ဒေသတွင်း တင်းမာမှုများ ပြင်းထန်လာမှုကြောင့် လက်ဘနွန်၊ ဂျော်ဒန်နှင့် အီရတ်ရှိ အဓိကလေဆိပ်များသို့ ပျံသန်းမှုများကို ဖျက်သိမ်းလိုက်ကြောင်း အီဂျစ်အမျိုးသားလေကြောင်းလိုင်းက ဇွန် ၁၅ ရက်တွင် ကြေညာသည်။

ခရီးသည်များ၏ လုံခြုံရေးအတွက် စိုးရိမ်ပူပန်မှုကြောင့် အီဂျစ်အမျိုးသား လေကြောင်းလိုင်းက ဘေရွတ်၊ အန်မန်၊ ဘဂ္ဂဒက်နှင့် အာရ်ဘီလ် လေဆိပ်များသို့ ဒေသတွင်းအခြေအနေ မတည်ငြိမ်မချင်း ခရီးစဉ်ပျံသန်းမှုများကို ဖျက်သိမ်းလိုက်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

# တစ်ကျော့ပြန် ကူးစက်မှုတွေဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ရောဂါ

**နွယ်နီလင်း**

ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုကို ၂၀၂၀ ပြည့်နှစ်က စတင်အတည်ပြုတွေ့ရှိခဲ့ပြီး အဆိုပါရောဂါကြောင့် ကမ္ဘာတစ်ဝန်း ထိခိုက်သေဆုံးမှုတွေ ဖြစ်ပွားခဲ့ရပါတယ်။ ယခုအခါမှာလည်း နိုင်ငံအချို့မှာ ကိုဗစ်-၁၉ တစ်ကျော့ပြန် ကူးစက်လာတာကို တွေ့ရှိလာပါတယ်။ ထိုင်း၊ အိန္ဒိယ၊ အင်္ဂလန်၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ နယူးဇီလန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေရဲ့ ကိုဗစ်-၁၉ ကူးစက်မှုတွေကို ဖော်ပြအပ်ပါတယ်။



## ထိုင်းနိုင်ငံ

ထိုင်းနိုင်ငံမှာ ဇွန် ၁၃ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအသစ် ၁၂၁၈၁ ဦး ရှိပါတယ်။ ထို့ကြောင့် နိုင်ငံတစ်ဝန်း ယခုနှစ် ဇန်နဝါရီလမှစကာ ယင်းရောဂါဖြစ်ပွားသူ စုစုပေါင်းအရေအတွက်မှာ ၄၇၁၇၈၁ ဦး ရှိပါတယ်။ ဆက်လက်ပြီး ယခုနှစ်အတွင်း ယင်းရောဂါကြောင့် သေဆုံးသူပေါင်း ၁၅၁ ဦး ရှိပြီဖြစ်တယ်။

## အိန္ဒိယနိုင်ငံ

အလားတူ အိန္ဒိယနိုင်ငံမှာ မေလ နှောင်းပိုင်းကစကာ ကိုဗစ်-၁၉ ကူးစက်မှုနှုန်းတွေ ရုတ်တရက် တိုးလာပါတယ်။ အိန္ဒိယနိုင်ငံမှာ ဇွန် ၁၄ ရက် တစ်ရက်တည်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူသစ် ၂၆၉ ဦးတွေ့ရှိသဖြင့် ရောဂါကူးစက်ခံရသူစုစုပေါင်း ၇၃၈၃ အထိ တိုးလာပါတယ်။ ထို့ပြင် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၉၇ ဦးအထိ ရှိလာပါတယ်။ သေဆုံးသူတွေဟာ ကီရာ၊ မဟာရက်ရှ်ထရာ၊ ရာဂျစ် စသန်၊ တမီးလ်နာဒူးပြည်နယ်တွေက ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူတွေဟာ ဂူဂျာရတ်ပြည်နယ်မှာ ၁၄၃၇ ဦး၊ အနောက်ဘင်္ဂေါပြည်နယ်မှာ ၇၄၇ ဦး၊ ဒေလီမြို့မှာ ၆၇၂ ဦး၊ မဟာရက်ရှ်ထရာပြည်နယ်မှာ ၆၁၃ ဦး၊ ခါနာတာခါပြည်နယ်မှာ ၅၂၇ ဦးနဲ့ ဥတ္တရာပရာဒက်ရှ်ပြည်နယ်မှာ ၂၄၈ ဦးတို့ အသီးသီးရှိကြပါတယ်။

ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါအဖြစ် ကြေညာခဲ့ပြီးနောက် ငါးနှစ်ကျော်အကြာ ယခုနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း မြင့်တက်နေတဲ့နိုင်ငံတွေအနက် အိန္ဒိယနိုင်ငံလည်းအပါအဝင် ဖြစ်ပါတယ်။ ယခုအခါ ကိုဗစ်-၁၉ မျိုးကွဲသစ်ဟာလည်း ဆက်လက်ပေါ်ထွက်လာခဲ့တယ်။

## အင်္ဂလန်နိုင်ငံ

အင်္ဂလန်နိုင်ငံမှာ NB.1.8.1 မျိုးကွဲ ကူးစက်ဖြစ်ပွားသူ ၁၃ ဦးရှိတယ်လို့ ယူကေကျန်းမာရေးဆိုင်ရာ လုံခြုံရေးအေဂျင်စီ(ယူကေအိတ်ချ်အက်စ်အေ)က ဆိုတယ်။ ဧပြီလနှောင်းအပိုင်းအထိ NB.1.8.1 မျိုးကွဲကူးစက်ဖြစ်ပွားသူမှာ ကမ္ဘာလုံးဆိုင်ရာ တင်ပြချက်များ၏ ၁၀ ဒသမ ၇ ရာခိုင်နှုန်းခန့်ရှိတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က ထုတ်ပြန်ထားပါတယ်။ အဆိုပါအရေအတွက်မှာ မတ်လအတွင်း ၂ ဒသမ ၅ ရာခိုင်နှုန်းရှိရာကနေ တိုးလာတာဖြစ်တယ်။

## ဗီယက်နမ်နိုင်ငံ

ဗီယက်နမ်နိုင်ငံမှာလည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မြင့်မားမှုကို ကြိုတင်ကာကွယ်ဖို့အတွက် ဗီယက်နမ်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆေးရုံတွေကို သတိပေး တိုက်တွန်းထားပါတယ်။

ဗီယက်နမ် ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ရောဂါတွေ ကူးစက်မှုမြင့်တက်လာတဲ့အခါမှာ ကိုဗစ်လူနာတွေကိုထားရှိဖို့ လိုအပ်တဲ့အထောက်အကူပစ္စည်းတွေ၊ သီးခြားနေရာတွေနဲ့ ဆေးဘက်ဆိုင်ရာပံ့ပိုးကူညီမှုတွေ ကြိုတင်ပြင်ဆင်ဖို့ နိုင်ငံတစ်ဝန်းရှိ ဆေးရုံတွေကို ညွှန်ကြားထားတယ်လို့ ဗီယက်နမ်သတင်းအေဂျင်စီက ထုတ်ပြန်ထားတယ်။

ဆက်လက်ပြီး ဗီယက်နမ်နိုင်ငံမှာ ကိုယ်ဝန်ဆောင်မိခင်များ၊ ရောဂါအခံရှိသူများနှင့် သက်ကြီးရွယ်အိုများအပါအဝင် ထိခိုက်လွယ်သည့်အုပ်စုများကို ကာကွယ်ရေး အစီအမံများ အကောင်အထည်ဖော်ရန် လိုအပ်ချက်များကို ဝန်ကြီးဌာနက အလေးပေး ညွှန်ကြားထားပါတယ်။

ဗီယက်နမ်နိုင်ငံ ဟန်ွိုင်းမြို့တော်မှာ မေ ၃၀ ရက်မှ ဇွန် ၆ ရက်အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူသစ် ၁၅၀ အတည်ပြုတွေ့ရှိတယ်လို့ ဗီယက်နမ်သတင်းအေဂျင်စီက ထုတ်ပြန်ထားပါတယ်။

၂၀၂၅ ခုနှစ်မှစကာ ဗီယက်နမ်နိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၅၅၈ ဦး တွေ့ရှိခဲ့ပြီး ယင်းအရေအတွက်မှာ ၂၀၂၄ ခုနှစ် အလားတူကာလနဲ့ နှိုင်းယှဉ်ကြည့်ပါက ၁၀၉ ယောက် လျော့နည်းကျဆင်းသွားတယ်လို့ ထုတ်ပြန်ချက်အရ သိရပါတယ်။

## ဖိလစ်ပိုင်နိုင်ငံ

ဒေသတွင်းနေရာအချို့မှာ ကိုဗစ်-၁၉ ကူးစက်မှုမြင့်တက်နေချိန် အရှေ့တောင်အာရှဖြစ်တဲ့ ဖိလစ်ပိုင်မှာလည်း ကိုဗစ်-၁၉ ကူးစက်မှုကို စိတ်ဝင်တစား စောင့်ကြည့်နေဆဲဖြစ်တယ်လို့ ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဌာန(ဒီအိုအိတ်ချ်)က ဆိုတယ်။

ယခုနှစ် ဖိလစ်ပိုင်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ ၁၇၇၄ ဦး တွေ့ရှိပြီး ၂၀၂၄ ခုနှစ်က ကူးစက်ဖြစ်ပွားသူ ၁၄၀၇၄ ဦးထက် ကျဆင်းသွားပါတယ်။ နိုင်ငံအတွင်း ရောဂါဖြစ်ပွားသူနဲ့ သေဆုံးသူအရေအတွက်မှာ ယမန်နှစ်ကနှင့် နှိုင်းယှဉ်ကြည့်ပါက ၈၇ ရာခိုင်နှုန်း လျော့နည်းသွားတယ်လို့ ဒီအိုအိတ်ချ်က ထုတ်ပြန်ထားပါတယ်။

သေဆုံးသူနှုန်းမှာ ၁ ဒသမ ၁၃ ရာခိုင်နှုန်းသာရှိပြီး အများပြည်သူတွေ သိရှိစေဖို့အတွက် ကူးစက်မှုအခြေအနေတွေ ပြောင်းလဲလာပါက အချိန်နဲ့တစ်ပြေးညီ တင်ပြသွားမယ်လို့ ဒီအိုအိတ်ချ်က ဆိုတယ်။

## အင်ဒိုနီးရှားနိုင်ငံ

အိမ်နီးချင်းနိုင်ငံတွေမှာ ကိုဗစ်-၁၉ မျိုးကွဲကူးစက်မှုသစ်တွေ မြင့်တက်လာတာကို တုံ့ပြန်တဲ့အနေနဲ့ အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဘီယန်တိုက ကျန်းမာရေးဝန်ကြီး ဘူဒီ ဂူနာဒီ ဆာဒီကင်ကို ဂျကာတာမြို့ရှိ နိုင်ငံတော်နန်းတော်သို့ ဆင့်ခေါ်ခဲ့ပါတယ်။

အစည်းအဝေးမှာ ကျွန်းစုနိုင်ငံဖြစ်တဲ့ အင်ဒိုနီးရှားနိုင်ငံအတွင်း မျိုးကွဲသစ်တွေ ဝင်ရောက်မှုကို ကာကွယ်ဖို့နဲ့ အမျိုးသားကျန်းမာရေးစနစ်အားကောင်းစေဖို့ မဟာဗျူဟာအစီအမံတွေ ဆွေးနွေးခဲ့ပါတယ်လို့ ကျန်းမာရေးဝန်ကြီး ဆာဒီကင်က ပြောပါတယ်။

ပြည်သူတွေ စိုးရိမ်ထိတ်လန့်စရာ မလိုပါဘူး။ ဒီဗိုင်းရပ်စ်မျိုးကွဲဟာ အတော်ပျော့ပေမယ့်လည်း သတိထားနေထိုင်ကြဖို့ ဆာဒီကင်က ပြောပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှာ ယခုနှစ် ဇန်နဝါရီလမှ မေလအတွင်း ကိုဗစ်-၁၉ ရောဂါ စုစုပေါင်း လူ ၂၁၆၀ ကို စမ်းသပ်ခဲ့ရာမှာ ၇၂ ဦးကို အတည်ပြုတွေ့ရှိပါတယ်လို့ ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဌာနမှ အကြီးအကဲဖြစ်သူ အာဂျီ မူဟော်ဝါမန်က ပြောပါတယ်။

## နယူးဇီလန်နိုင်ငံ

နယူးဇီလန်နိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါနဲ့ တခြားအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကူးစက်မှုနှုန်း သိသိသာသာမြင့်တက်လာတာကို တွေ့ရှိရပါတယ်။ နိုင်ငံတစ်ဝန်း မကြာသေးမီက ဆေးရုံတက်ရောက်ကုသမှုနဲ့ ရောဂါဖြစ်ပွားမှုတွေ တိုးလာတာကို အချက်အလက်တွေအရ သိရပါတယ်။

နယူးဇီလန်နိုင်ငံဟာ ယခုနှစ် ဆောင်းရာသီ အအေးဆုံးအပူချိန်နဲ့ ရင်ဆိုင်ရပြီး မကြာသေးမီက နိုင်ငံရဲ့ ဒေသအချို့မှာ အပူချိန် သုညအောက်ရှိတယ်လို့ မှတ်တမ်းတင်ထားပြီး South Island ရဲ့ နေရာတွေကို ဆီးနှင်းတွေ ဖုံးလွှမ်းခဲ့ပါတယ်။

ယင်းသို့ အလွန်အေးတဲ့ ရာသီဥတုကြောင့်လည်း ယခုနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားသူ အရေအတွက် တိုးလာခြင်းဖြစ်ပါတယ်။ အလားတူ လူပေါင်းတစ်သန်းကျော်ကလည်း တုပ်ကွေးရောဂါ ကုသမှုခံယူရတယ်လို့ အစိုးရရဲ့ စာရင်းအချက်အလက်တွေအရ သိရပါတယ်။

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ဇွန် ၁၀ ရက်နဲ့ ဇွန် ၁၁ ရက် နှစ်ရက်အတွင်း ကိုဗစ် -၁၉ ကူးစက်ခံရသူ ၂၃ ဦး တွေ့ရှိခဲ့ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ယခုနှစ်အတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ရှိလာပါတယ်။

ဒါကြောင့် ဘင်္ဂလားဒေ့ရှ်အစိုးရဟာ ကိုဗစ် -၁၉ ရောဂါ ခုခံနိုင်စွမ်း ကျဆင်းလာမှုကို ပြန်လည်မြှင့်တင်ပေးဖို့အတွက် ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံပေးဖို့ စီစဉ်နေတယ်လို့ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ အသက် ၆၀ နှင့်အထက် ပြည်သူတွေ၊ ကျန်းမာရေးလုပ်သားတွေနဲ့ နာတာရှည်ရောဂါ ခံစားနေရသူတွေကို ကာကွယ်ဆေးထိုးပေးမယ်လို့ ကျန်းမာရေးဝန်ဆောင်မှုများ ညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် အမ်ဒီ အဘူဂျက်ဖောက ပြောပါတယ်။ ။

ကိုးကား - ဆင်ဟွာ၊ The Nation ၊ Al Jazeera

○ **ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ရောဂါတွေ ကူးစက်မှုမြင့်တက်လာတဲ့အခါမှာ ကိုဗစ်လူနာတွေကိုထားရှိဖို့ လိုအပ်တဲ့အထောက်အကူပစ္စည်းတွေ၊ သီးခြားနေရာတွေနဲ့ ဆေးဘက်ဆိုင်ရာ ပံ့ပိုးကူညီမှုတွေ ကြိုတင်ပြင်ဆင်ဖို့ နိုင်ငံတစ်ဝန်းရှိ ဆေးရုံတွေကို ညွှန်ကြားထား**

❑ **ဗီယက်နမ်နိုင်ငံမှာ ကိုယ်ဝန်ဆောင်မိခင်များ၊ ရောဂါအခံရှိသူများနှင့် သက်ကြီးရွယ်အိုများအပါအဝင် ထိခိုက်လွယ်သည့်အုပ်စုများကို ကာကွယ်ရေးအစီအမံများ အကောင်အထည်ဖော်ရန် လိုအပ်ချက်များကို ဝန်ကြီးဌာနက အလေးပေးညွှန်ကြားထား**

# ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေခရိုင် ချမ်းမြသာစည်မြို့နယ် မြို့သစ်အမှတ်(၂)ရပ်ကွက်၊ မြို့သစ်အမှတ်(၃)ရပ်ကွက်၊ မြို့သစ်အမှတ်(၄) ရပ်ကွက်နှင့် အောင်ပင်လယ်ရပ်ကွက်တို့ရှိ အခြေခံပညာကျောင်းများ၌ ပြန်လည်ကျင်းပမည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ထားရှိမှု၊ မေးခွန်းနှင့် အဖြေလွှာများ ထိန်းသိမ်းထားရှိမှု၊ ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံအေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့နောက် ဆရာ ဆရာမများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် ချမ်းမြသာစည်မြို့နယ် အမှတ်(၃၀) အခြေခံပညာအထက်တန်းကျောင်း၌ ပြန်လည်ကျင်းပမည့် ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများ ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၁၁) အခြေခံပညာအလယ်တန်းကျောင်း၌ ပြန်လည်ကျင်းပမည့် ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများ ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများက မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကြည်ကုန်းရပ်ကွက်၊ (ဈ)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်တောင်ရပ်ကွက်နှင့် တမ္ပဝတီရပ်ကွက်တို့ရှိ အခြေခံပညာကျောင်းများ၌ ပြန်လည်ကျင်းပမည့် ၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာဖြေဌာနများ၌ စာမေးပွဲဖြေဆိုရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် စာမေးပွဲကြီးကြပ်ရေးရုံးများတွင် မေးခွန်း/အဖြေလွှာစသည့် စာရွက်စာတမ်းများအတွက် စနစ်တကျ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ခိုလမ်တပ်နယ်ရှိ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ စာရေးကိရိယာများနှင့် ပညာသင်စရိတ်များ ပထမအကြိမ် ပေးအပ်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၅**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ခိုလမ်တပ်နယ်ရှိ တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများအတွက် (ပထမအကြိမ်) ကျောင်းဝတ်စုံ၊ စာရေးကိရိယာများနှင့် ပညာသင်စရိတ်များ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ဇေယျခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ စာရေးကိရိယာများနှင့် ပညာသင်စရိတ်များကိုပေးအပ်ပြီး ကျောင်းသား ကျောင်းသူများနှင့် မိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့အပြင် တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များ၌လည်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများအား (ပထမအကြိမ်) ကျောင်းဝတ်စုံ၊ စာရေးကိရိယာများနှင့် ပညာသင်စရိတ်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်









# အရှေ့ဘက်နှင့် အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်

**နေပြည်တော် ဇွန် ၁၅**

ယနေ့ ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ ညနေမှ ဇွန် ၁၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။"

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက် ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# ဆန်စပါးသုတေသနဌာနစု၌ တောင်သူပူးပေါင်းပါဝင်သော သားဆက်လိုင်းများ မွေးမြူရွေးချယ်ကွင်းပြပွဲကျင်းပ

နေပြည်တော် ဇွန် ၁၅

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် သည် ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဆန်စပါးသုတေသနဌာနစု၌ ပြုလုပ်သည့် တောင်သူပူးပေါင်းပါဝင်သော သားဆက်လိုင်းများ မွေးမြူရွေးချယ်ခြင်းကွင်းပြပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။**

မျိုးရွေးချယ်ပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော် ဇေယျာသီရိ၊ ဇမ္ဗူသီရိနှင့် ပုဗ္ဗသီရိ မြို့နယ်တို့မှ သက်ဆိုင်ရာမြို့နယ် ဦးစီးမှူး၊ ပညာပေးဝန်ထမ်းများ နှင့် ဒေသခံတောင်သူများ တက် ရောက်ကြသည်။

ပြပွဲတွင် စပါးသားဆက်လိုင်း များဖြစ်သည့် (ပြည့်ဝxရောမင်း)၊ (ကျော်ဇေယျ x ရတနာတိုး) x (ပြည့်ဝ x ရွှေအာဆီယံ)၊ (ကျော် ဇေယျ x ရတနာတိုး) x (ပြည့်ဝ x ဘာစမာတီ)၊ (ပြည့်ဝ x လုံးသွယ် မွေး)၊ (ပြည့်ဝ x ရွှေအာဆီယံ) စသည့် မိဘလိုင်းအစုံမျိုးလိုင်း များကို တောင်သူများက စိတ်ပါ ဝင်စားစွာ ကြည့်ရှုလေ့လာကြပြီး မွေးမြူထားသော မျိုးလိုင်းများ၏ အရည်အသွေး၊ စားသုံးမှု အရည် အသွေးတို့ကို စမ်းသပ်ကြသည်။



ထို့နောက် ဒုတိယဝန်ကြီး သည် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် စီးပွားပညာဌာနမှ ဆရာ ဆရာမ များနှင့်တွေ့ဆုံ၍ စပါးအထွက် နှုန်း ကွာခြားချက်များ ဆန်းစစ် လေ့လာရေးနှင့် ပန်းတိုင်အထွက် နှုန်းရရှိရေးအတွက် ဂေဟစနစ် အလိုက် စံအထွက်နှုန်းများရရှိရေး ဆောင်ရွက်ရန် စစ်တမ်းကောက် ယူရေး မွမ်းမံသင်တန်းများပေးရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်း ရရှိသည်။ **သတင်းစဉ်**

# ကျိုင်းတုံမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ကျိုင်းတုံ ဇွန် ၁၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန နှစ် (၃၀) ပြည့် နှစ်ပတ်လည် နေ့ အထိမ်းအမှတ် အခမ်း အနားကို လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယပြည်နယ် ဦးစီးမှူးရုံး (ကျိုင်းတုံ) ၌ ယနေ့ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ် (အရှေ့ ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးအောင် မြတ်သာက အမှာစကားပြော ကြားပြီး ဝန်ကြီးဌာန၏ ပုလဲရတု နှစ်ပတ်လည်နေ့ အထိမ်းအမှတ် Video Click ကို ပြသသည်။

ထို့နောက် ရှမ်းပြည်နယ် (အရှေ့ပိုင်း) လူဝင်မှုကြီးကြပ်ရေး နှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးအောင် မြတ်သာနှင့် တာဝန်ရှိသူများက လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာန နှစ် (၃၀) ပြည့် နှစ်ပတ်လည်နေ့ အကြို ဂုဏ်ပြု သွေးလှူဒါန်းခဲ့သည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်း ကောင်း၊ ရှမ်းပြည်နယ် (အရှေ့ ပိုင်း) ဒုတိယပြည်နယ်ဦးစီးမှူးရုံး တွင် ဖွင့်လှစ်သည့် ရုံးလုပ်ငန်း ဆိုင်ရာ သင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ဝန်ထမ်းများ အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြု မှတ်တမ်းများကို လည်းကောင်း၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံပညာ တက်ရောက်နေ သည့် ဝန်ထမ်း သား၊ သမီးများအား ပညာသင်စရိတ်များကို လည်း ကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် ရှမ်းပြည်နယ် (အရှေ့ ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး၊ ခရိုင် ဦးစီးမှူးနှင့်ဝန်ထမ်းများက လူဝင် မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန နှစ် (၃၀) ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်



အဖြစ် ကျိုင်းတုံမြို့ စိန်ပန်းကျောင်း တိုက်၌ အာရုံဆွမ်းဆက်ကပ် လှူဒါန်းခြင်း၊ ဓမ္မစကူးလ်သင်တန်း အတွက် အလှူငွေများ ဆက်ကပ် လှူဒါန်းခြင်းနှင့် ဆရာတော်၊ သံဃာ တော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရ သည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# မိတ္ထီလာမြို့နယ်၌ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၅**

မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ မီးခိုး မြူငွေ့နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာ၊



ဗဟုသုတများ ရရှိစေရန် ရည်ရွယ်၍ကျင်းပသည့် အသိ ပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ပန်းတော်ဆက် ကျေးရွာ၌ ပြုလုပ်သည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ဦးစီးမှူး ဦးထိုက် က ပတ်ဝန်းကျင်ထိန်းသိမ်းရေး အကြောင်းသိကောင်းစရာခေါင်းစဉ် ဖြင့် ဆွေးနွေးပြီး မီးခိုးမြူငွေ့ လျှော့ချခြင်း၊ စနစ်တကျ အမှိုက် စွန့်ပစ်ခြင်းအသိပညာ ဗဟုသုတ များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေး ဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တာဝန်ရှိသူများက သဘာဝ မြေဩဇာပြုလုပ်နည်း၊ စိုက်ပျိုး ရေးသုံးပစ္စည်းများအား မီးမရှို့စေ ရေး၊ မွေးမြူရေးဆိုင်ရာ အသိ ပညာများ၊ပလတ်စတစ်အိတ်သုံးစွဲ မှုလျှော့ချခြင်း၏ အကျိုးကျေးဇူး များ၊ အမှိုက်အမျိုးအစားများနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ အသိပညာများကို ဟော ပြော ဆွေးနွေးခဲ့သည်။

။။



# ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ပိဋကသုံးပုံဝိနည်းငါးကျမ်းရွတ်ဖတ်ပူဇော်

**ရန်ကုန် ဇွန် ၁၅**

ဗီယက်နမ်နိုင်ငံမှ အလှူရှင်များ စုပေါင်းလှူဒါန်းမှုဖြင့် ပိဋကသုံးပုံ ဝိနည်းငါးကျမ်း ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် နန်းဦးဘုရားကြီး တန်ဆောင်း၌ ဇွန် ၁၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ဒွိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တအဂ္ဂသာမိ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက တိပိဋက ကောဝိဒ ကမ္ဘောဇဆရာတော် ဘဒ္ဒန္တဝီရိယာနန္ဒ၊ တိပိဋကဓရ တိပိဋက ကောဝိဒ မြင်းမူဆရာတော် ဘဒ္ဒန္တပညာသိရီလင်္ကာရ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွှေဦးဆရာတော် ဘဒ္ဒန္တသေဋ္ဌညာဏာလင်္ကာရ စသည့် တိပိဋကဓရဆရာတော်သုံးပါး၊ ဘာဏကဆရာတော် ၂၄ ပါးတို့ကြွရောက် ချီးမြှင့်သည်။

ထို့နောက် ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ဩဝါဒကထာရယူပြီး ဉ္ညဉ့်ပရိသတ်များက ငါးပါး သီလ ခံယူဆောက်တည်ကြပြီး တိပိဋက ဆရာတော်သုံးပါးအား လှူဖွယ် ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် သာကေတမြို့နယ် တိပိဋကာလင်္ကာရကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒသိရီက ဝိနည်းငါးကျမ်း ရွတ်ဖတ်ပူဇော်ရန် တိုက်တွန်းနှိုးဆော်လွှာ ဥယျောဇနဂါထာတော်ကို ရွတ်ဆိုသည်။ ဒဂုံမြို့နယ် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက တိပိဋက ကောဝိဒ ကမ္ဘောဇဆရာတော် ဘဒ္ဒန္တဝီရိယာနန္ဒ ကစတင်၍ ဝိနည်း ပါဠိတော်များ ရွတ်ဖတ်ပူဇော်သည်။

ပိဋကသုံးပုံ ဝိနည်းငါးကျမ်းရွတ်ဖတ်ပူဇော်ပွဲကို ဗီယက်နမ်နိုင်ငံမှ အလှူရှင် ဒါယကာ ဒါယိကာမ စုပေါင်းလှူဒါန်းမှုဖြင့် ဇွန် ၁၂ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ **အောင်မြင့်(ပြန်/ဆက်)**

# လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်

**နမ့်စန်(တ) ဇွန် ၁၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်၌ အသေးစားကုန်ထုတ် လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေး စီမံကိန်း လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်ပွဲ ကို ယနေ့ နံနက် ၁၁ နာရီက မက်မွန်မုန်းကျေးရွာအုပ်စု နမ့်မော်ခေါက်ဆင့် ကျေးရွာ ဘက်စုံသုံးခန်းမ၌ကျင်းပရာ နမ့်စန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေမျိုးထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး လွိုင်လင် ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးရာဇာ က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြား ကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက သင်တန်းသုံးကုန်ကြမ်းပစ္စည်း များကို သင်တန်းသူများအား ပေးအပ်သည်။

သင်တန်းကို ဇွန် ၁၅ ရက်မှ ၂၁ ရက်အထိ ပထမအကြိမ် ဇွန် ၂၉ ရက်မှ ဇူလိုင် ၅ ရက်အထိ မွမ်းမံသင်တန်းများအဖြစ် ဖွင့်လှစ်၍ လက်ဆေးဆပ်ပြာ၊ ပန်းကန်ဆေးဆပ်ပြာ၊ခေါင်းလျှော်ရည်၊လက်သန့် ဆေးရည်၊ မှန်ကြည်ဆေးရည်နှင့် အိမ်အတွက်အသုံးဝင်သည့် ကုန်ပစ္စည်း များ ပြုလုပ်နည်းများကို သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသူ ၁၃ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။ **သူရအောင်(နမ့်စန်)**



## ဒဂုံတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇွန် ၁၅**
ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဇွန် ၁၃ ရက်က အဆိုပါတက္ကသိုလ်ရှိ အားကစားရုံ (၁)၌ ပြုလုပ်သည်။

အခမ်းအနားတွင် ဒဂုံတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာဝင်းဝင်းသန်းက အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ဥပဒေပညာအသင်းနှင့် အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသောရက္ခဗေဒအသင်းတို့ကို တံခွန်စိုက်ဆုဖလားနှင့် ဆုတံဆိပ်များ ချီးမြှင့်ပြီး ဒုတိယ ပါမောက္ခချုပ်များက အမျိုးသားအသင်းလိုက်ပြိုင်ပွဲနှင့် အမျိုးသမီးအသင်းလိုက် ပြိုင်ပွဲတို့တွင် ဒုတိယနှင့် တတိယဆုရရှိသော အသင်းများကို ဆုချီးမြှင့်ပေးပြီး တာဝန်ရှိသူများက ဆုချီးမြှင့်ပေးကြသည်။



ပြိုင်ပွဲကို ဒဂုံတက္ကသိုလ်၌ ဇွန် ၉ ရက်မှ ၁၃ ရက်အထိ ကျင်းပရာ ရှေးဟောင်းသုတေသနဌာန၊ ရူပဗေဒဌာန၊ ဓာတုဗေဒဌာန၊ သတ္တဗေဒဌာန၊ ဥပဒေပညာ ရက္ခဗေဒဌာန၊ ဒဿနိကဗေဒဌာန၊ ကွန်ပျူတာသိပ္ပံ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ သင်္ချာဌာနနှင့် အင်္ဂလိပ်စာဌာနတို့မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ဖွဲ့မင်းထက်(ပြန်/ဆက်)

## မြောင်းမြမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်ပတ်လည်အဖြစ် စုပေါင်းကုသိုလ်ပြု



**မြောင်းမြ ဇွန် ၁၅**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့်အထိမ်းအမှတ်အဖြစ် မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးထွန်းငြိမ်းနှင့် ဝန်ထမ်းများ စုပေါင်း၍ ဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို ဇွန် ၁၅ ရက် နံနက်ပိုင်းက အလယ်တောရကျောင်း ပုပ္ဖါရုံကျောင်းတိုက်၌ ပြုလုပ်သည်။

အလယ်တောရကျောင်းတိုက်ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဘဒ္ဒန္တပညာသီဟထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ပရိတ်တရားတော်များနှင့် ဩဝါဒတရားတော်များနာယူကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

**မော်လမြိုင် ဇွန် ၁၅**
၂၀၂၅ ခုနှစ် ဇွန် ၁၅ ရက်တွင် ကျရောက်သည့် နှစ်(၃၀) ပြည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနေ့ အထိမ်းအမှတ် ဆွမ်းဆက်ကပ်ခြင်း၊ ပညာသင်စရိတ်များ ပေးအပ်ချီးမြှင့်ခြင်း



နှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်းကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများ စုပေါင်း၍ ဆရာတော်သံဃာတော်များအား အရုဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းသားသမီး ၁၇ ဦးအတွက် ပညာသင်စရိတ် ငွေကျပ် ၂၈ သိန်းကို တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ပြီး မော်လမြိုင်တက္ကသိုလ် အားကစားခန်းမ၌ ဌာန၏ ပုလဲရတု နှစ်ပတ်လည်နေ့ ဗီဒီယိုကလစ်ကို ပြသသည်။ ထို့နောက် မွန်ပြည်နယ် မြို့နယ်ကိုးမြို့နယ်မှ ဘောလုံးအသင်း ခုနစ်သင်း စုဖွဲ့ပြီး ဖူဆယ်ဘောလုံးပြိုင်ပွဲကို ပြုလုပ်ပေးခြင်းနှင့် ဝန်ထမ်းများအား ပျော်ပွဲရွှင်ပွဲအဖြစ် ဂိမ်းကစားပြိုင်ပွဲ ၁၃ ခုကို ပြည်နယ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်းက ဦးဆောင်၍ ပြုလုပ်ပေးရာ ဝန်ထမ်းများအားလုံး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

## သာစည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်



**သာစည် ဇွန် ၁၅**
သာစည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၁၄ ရက်က အဆိုပါဦးစီးဌာနရုံး၌ ကျင်းပသည်။

ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်က အမှာစကားပြောကြားသည်။ ဆက်လက်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့်တာဝန်ရှိသူများက တက္ကသိုလ်အဆင့် ကျောင်းသားကျောင်းသူ ၁၀ ဦးအား တစ်ဦးလျှင်ငွေကျပ် ၆၀၀၀၀ နှုန်း၊ Grade-12 ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ လေးဦးအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်း၊ အထက်တန်းအဆင့် ၁၀ ဦးအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်း၊ အလယ်တန်းအဆင့် ရှစ်ဦးအား တစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀ နှုန်း၊ မူလတန်းအဆင့် ၃၇ ဦးအား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းနှင့် မူကြိုကျောင်းသား ကျောင်းသူ ငါးဦးအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀နှုန်းဖြင့် ပညာသင်ထောက်ပံ့ကြေးများပေးအပ်သည်။

မြို့နယ်(ပြန်/ဆက်)

## တာချီလိတ်မြို့၌ နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်

**တာချီလိတ် ဇွန် ၁၅**
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀) ပြည့် ပုလဲရတု နှစ်ပတ်လည်နေ့ အထိမ်းအမှတ် တာချီလိတ်မြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၅ ရက်က မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ဇေလေလန်ကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ဦးစီးမှူး ဦးမင်းနိုင်ဦးက ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ရပ်ကွက်နှင့် ကျေးရွာများသို့ ကွင်းဆင်း၍အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးနေမှုကို ရှင်းလင်းပြောကြားကာ ရှမ်းပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်မျိုးက လိုအပ်သည်များ ဖြည့်စွက်ပြောကြားပြီး လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)



ပြည့် ပုလဲရတု နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဗီဒီယိုကို ဖွင့်လှစ်ပြသသည်။

ထို့နောက် ပြည်နယ်ဦးစီးမှူး၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူး ဦးသက်ဆွေဦးနှင့် တာဝန်ရှိသူများက ပန်းခင်းစီမံချက်(၃)ဖြင့် ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ် ၁၉၇ ကတ်ကို ပြည်သူတစ်ဦးချင်း လက်ဝယ်အရောက် ပေးအပ်သည်။

ယင်းနောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မိုင်းဖုန်း(ခ)ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများအား Biometric Data များ ကောက်ယူပေးခဲ့ကြောင်း သိရသည်။

သန်းဇော်(တာချီလိတ်)

## တောင်ဥက္ကလာပမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး



**ရန်ကုန် ဇွန် ၁၅**
ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ ယနေ့နံနက်ပိုင်းက မြို့နယ်အခွန်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးသဇင်ဟန် ဦးဆောင်သည့် ပူးပေါင်းအဖွဲ့များက မြို့နယ်အတွင်းရှိ ပြေစာတံဆိပ် ကပ်နှိပ်ရောင်းချသော ဆိုင်များတွင် “နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ” ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ကြသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)

## တောင်ကြီးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်း

**တောင်ကြီး ဇွန် ၁၅**
ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျေးလက်



ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက် ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက လွယ်တော်ကျေးရွာအုပ်စု ဇလဲ(မြောက်) ကျေးရွာ၌ ကျင်းပသည်။

ဦးစွာမြို့နယ်ဦးစီးမှူးဦးအောင်နိုင်ဝင်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှ ရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုးနှုန်းကာလ သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်း ပြောကြားပြီး စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဇလဲ(မြောက်)ကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်သည့် မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးသည်။ ၂၂

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် အမှိုက်ခွဲခြားစွန့်ပစ်သည့်စနစ် အကောင်အထည်ဖော်ဆောင်ရွက်မှုသရုပ်ပြခြင်းအား ကြည့်ရှုအားပေး

**ပုသိမ် ဇွန် ၁၅**

ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ဇွန် ၁၄ ရက်က ပုသိမ်မြို့ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံး၌ ပြုလုပ်သော စည်ပင်သာယာရေးအဖွဲ့နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ အမှိုက်ခွဲခြားစွန့်ပစ်သည့်စနစ် အကောင်အထည်ဖော်ဆောင်ရွက်မှုများ ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီး စည်ပင်သာယာ ရေးအဖွဲ့ ညွှန်ကြားရေးမှူးက အမှိုက်ခွဲခြားစွန့်ပစ်သည့်စနစ်ကို မြို့နယ်များနှင့် မြို့များရှိ စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ရပ်ကွက်တစ်ခုစီကို ရှေ့ပြေးစီမံကိန်းအဖြစ် သတ်မှတ်၍ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုမရှိစေရေး၊ အမှိုက်စို၊ အမှိုက်ခြောက်၊ ဘေးအန္တရာယ်ရှိအမှိုက်၊ ပလတ်စတစ်အမှိုက် သီးခြားခွဲ၍ စွန့်ပစ်စေရေးအတွက် စာသင်ကျောင်းများ၊ ဈေးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများ၊ အများပြည်သူဆိုင်ရာ နေရာများတွင် အသိပညာပေးဟောပြောခြင်း၊ ပြည်သူများအား ရှင်းလင်းပြောကြားခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသံချဲ့စက်ဖြင့် ကြေညာခြင်း၊ အမှိုက်ပုံးများခွဲခြားထားရှိခြင်း၊ ပလတ်စတစ်အစားထိုးအိတ်များ ဖြန့်ဝေခြင်း၊ ဗီနိုင်းစိုက်ထူထားရှိပြီး အမှိုက်ခွဲခြားစွန့်ပစ်သည့်စနစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အပတ်စဉ် တနင်္ဂနွေနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့များကို ပလတ်စတစ်လျှော့ချရေးနေ့အဖြစ် သတ်မှတ်၍ ပြည်သူများအား ပလတ်စတစ်အစားထိုးပစ္စည်းများ သုံးစွဲရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှိုက်စွန့်ပစ်ရာတွင် အမှိုက်အမျိုးအစား ခွဲခြား၍ စနစ်တကျစွန့်ပစ်ရေး၊ အမှိုက်သိမ်းဆည်းသည့် အဖွဲ့များအနေဖြင့် ကျန်းမာရေးအတွက် အန္တရာယ်မဖြစ်စေရေးနှင့် အနံ့ဆိုးများမှ ကာကွယ်ရန် ရောဂါကာကွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ စနစ်တကျဝတ်ဆင်အသုံးပြုစေရေး၊ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို ကွန်ကရစ်ဘလောက်တုံးများအတွင်း ထည့်သွင်းပြုလုပ်အသုံးပြုနိုင်ရေး၊ နေ့စဉ်ထွက်ရှိသော စွန့်ပစ်အမှိုက်များကို စနစ်တကျစွန့်ပစ်ရေးအတွက် ဌာနဆိုင်ရာရုံးများ၊ စာသင်ကျောင်းများ၊ ဈေးများနှင့် ရပ်ကွက်များအတွင်း အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန် မှာကြားသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# ကော့သောင်းခရိုင်ရဲတပ်ဖွဲ့ရုံးမှ ဝန်ထမ်းသားသမီးများအတွက် ပညာသင်စရိတ်ပေးအပ်

**ကော့သောင်း ဇွန် ၁၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်ရဲတပ်ဖွဲ့မှ ၂၀၂၅-၂၀၂၆ ခုနှစ် ပညာသင်နှစ်တွင် ရဲတပ်ဖွဲ့မိသားစုများမှ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ် တက်ရောက်နေကြသည့် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကော့သောင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်နိုင်က အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး၊ ခရိုင်အဆင့် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်ခင်မာလာဦး၊ ကော့သောင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးခိုင်၊ မြို့နယ်အဆင့် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးမြကြူတို့က ကျောင်းသားကျောင်းသူတစ်ဦးချင်းစီအလိုက် သတ်မှတ်နှုန်းထားများအတိုင်း ကော့သောင်းခရိုင်ရဲတပ်ဖွဲ့မှ မူလတန်း ၃၂ ဦး၊ အလယ်တန်း ၁၂ ဦး၊ အထက်တန်း ကိုးဦး၊ တက္ကသိုလ် ကိုးဦး၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၂ ဦးတို့အတွက် စုစုပေါင်း တန်ဖိုးငွေကျပ် ၉၅၉၀၀၀ ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ နှစ်(၃၀)ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား မုံရွာမြို့၌ ကျင်းပ

**မုံရွာ ဇွန် ၁၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ နှစ်(၃၀)ပြည့် နှစ်ပတ်လည်နေ့ ပုလဲရတု အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးဇင်ထက်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ နှစ်(၃၀)ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ပြည်ထောင်စုဝန်ကြီးရုံးမှ ပေးပို့လာသော ဝန်ကြီးဌာန နှစ်ပတ်လည်နေ့ ဗီဒီယိုကလစ်ပြသမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက (၅/၂၀၂၅) လအတွင်း UID လုပ်ငန်း ဆောင်ရွက်နိုင်ခဲ့သည့် ပုလဲ၊ ဆားလင်းကြီး၊ မုံရွာမြို့နယ်ရုံးများမှ ဝန်ထမ်းသုံးဦးအား ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် မုံရွာအခြေပြု တိုင်းဒေသကြီးဦးစီးမှူးရုံးအပါအဝင် ဘုတလင်၊ ယင်းမာပင်၊ ပုလဲ၊ တန့်ဆည်၊ ဆားလင်းကြီး၊ ကနီနှင့် မုံရွာမြို့နယ်ရုံးများမှ ဝန်ထမ်းများ၏ သားသမီးများအား အထက်တန်း ကိုးဦး၊ အလယ်တန်း ရှစ်ဦး၊ မူလတန်း ၁၉ ဦးအတွက် ပညာသင်စရိတ်ငွေကျပ် ၉၈၀၀၀၀ ကို လက်ဝယ်အရောက် ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျောင်းကုန်းမြို့၌ အမှိုက်များ စနစ်တကျခွဲခြားစွန့်ပစ်ရေး အသိပညာပေး လက်တွေ့သရုပ်ပြ

**ကျောင်းကုန်း ဇွန် ၁၅**

ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ အမှိုက်များ စနစ်တကျ ခွဲခြားစွန့်ပစ်ရေး အသိပညာပေးခြင်းကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိ ဒေါ်မြမြသင်းက အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်အမှိုက်နှင့် အန္တရာယ်ရှိအမှိုက်ဟူ၍ လေးမျိုးခွဲခြားထားရှိကြောင်း ရှင်းလင်းပြောကြားကာ အမှိုက်ခွဲခြားစွန့်ပစ်ပုံကို လက်တွေ့သရုပ်ပြ လေ့ကျင့်သည်။ အဆိုပါ အမှိုက်များ စနစ်တကျ ခွဲခြားစွန့်ပစ်ရေး လက်တွေ့သရုပ်ပြနေရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်း၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦး၊ မြို့နယ်ပညာရေးမှူး ဦးအောင်ကျော်မြင့်၊ ကျောင်းအုပ်ဆရာကြီး ဦးဆန်းထွန်းနှင့် ဆရာ ဆရာမများ၊ ရပ်ကွက်နေ ပြည်သူများ လေ့လာကြကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**



# ဓနုဖြူမြို့နယ်၌ အမှိုက်လေးမျိုးခွဲခြားစွန့်ပစ်ပုံ သရုပ်ပြ

**ဓနုဖြူ ဇွန် ၁၅**

ရောဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ အမှိုက်လေးမျိုး ခွဲခြားစွန့်ပစ်ပုံ သရုပ်ပြသခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများ၌ ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာနတို့ပါဝင်သော ပူးပေါင်းအဖွဲ့များမှ မြို့နယ်အတွင်းရှိဌာနဆိုင်ရာရုံးများသို့ သွားရောက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မိုးလွင်က အမှာစကားပြောကြားကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းအောင်သူက အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်အမှိုက်နှင့် အန္တရာယ်ရှိအမှိုက်ဟူ၍ လေးမျိုးခွဲခြားထား၍ အမှိုက်များကို စနစ်တကျခွဲခြားစွန့်ပစ်ကြရန် သရုပ်ပြဆွေးနွေးပြောကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို**

**နေ့အလင်းရောင်ရှိချိန်တွင်**

**ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**


MINISTRY OF HEALTH
ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
“ ကျန်းမာသန့်ရှင်း ရောဂါကင်းဖို့
ယင်လုံအိမ်သာ သုံးကြစို့။ ”
ကျန်းမာရေးနဲ့
ညီညွတ်တဲ့
အိမ်သာ
အိမ်သာကျင်းကို
အဖုံးနဲ့ အုပ်ထားပါ။
အိမ်သာကို သုံးပြီးတိုင်း
ရေနဲ့ သန့်ရှင်းအောင်
ဆေးချပါ။
အိမ်သာကို သန့်ရှင်းရေး
ပုံမှန်ပြုလုပ်ပါ။
ယင်မနားအောင်နဲ့ ကျင်းထဲကို
ယင်မဝင်အောင် အိမ်သာခွက်ကို
အဖုံးဖုံးထားပါ။
အိမ်သာတက်ပြီးတဲ့အခါတိုင်း
လက်ကိုဆပ်ပြာနဲ့
စင်ကြယ်အောင် ဆေးကြောပါ။
အရွယ်မရောက်သေးတဲ့
ကလေးငယ်ရဲ့ မစင်တွေကို
အိမ်သာမှာသာ စွန့်ပစ်ပါ။
ကလေးငယ်တွေ အိမ်သာကို
အသုံးပြုတတ်အောင်
သင်ကြားပြသပေးပါ။
လုံ(၃)လုံအိမ်သာ သုံးကြပါ။
(ယင်လုံ၊ အနံ့လုံ၊ အရှက်လုံ)
၂၀၂၅ခုနှစ်၊ မေလ

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၂၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၁၂၀၀၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၄ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက်၊ ရန်ကြီးအောင်လမ်းရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၇၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။





တနင်္သာရီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟန်မြင့်မိုရ် - ရွာငံလမ်း၊ ဆင်ခေါင်းတောင်အနီး၌ ချင်းရွှေဟော်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၃၀၇၉၅၂၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng Long Tractor Head တစ်စီး၊ Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၀၀၀၀၀၀)ကိုလည်းကောင်း၊ ရတနာပုံ တံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌ မုံရွာမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၂၀၉၅၅၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၄ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ၁၂ စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၄၉ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၄၀၄၅၅၂၀)ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ်များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇွန် ၁၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Than Tun” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရခိုင်ပြည်နယ် မင်းပြားမြို့နယ် င/ရမကျေးရွာနေ သန်းထွန်းအား ည ၆ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ “Khine Phyo Khant” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မင်းပြားမြို့နယ်၊ မင်းဖူးကျေးရွာနေ ခိုင်ဖြိုးခန့် (ခ) အငိုသန်အား ည ၇ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဇမ္ဗူသီရိမြို့နယ်၌ လျှပ်စစ်မီးကြိုးများ ဖြတ်တောက်ခိုးယူသူ နှစ်ဦးအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇွန် ၁၅**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ ယမန်နေ့က လျှပ်စစ်မီးကြိုးများ ဖြတ်တောက်ခိုးယူသူ အမျိုးသား နှစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၄ ရက် ညနေ ၃ နာရီတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်စဉ် ပညာသိဒ္ဓိရပ်ကွက်အရောက်၌ လူနေထိုင်ခြင်းမရှိသည့် တိုက်အမှတ် (၂၇) ပေါ်မှ အသံကြားရ၍ တက်ရောက်စစ်ဆေးခဲ့ရာ လျှပ်စစ်မီးကြိုးများ ဖြတ်တောက်ခိုးယူနေသည့် ဥတ္တရသီရိမြို့နယ် ငန်းစပ်ကျေးရွာနေသူများ ဖြစ်ကြသည့် ဇော်ဇော်အောင် (၃၉) နှစ်နှင့် ထက်လင်းကို(၂၅)နှစ်တို့ နှစ်ဦးအား လျှပ်စစ်မီးကြိုး ၁၁ ပိဿာခန့်နှင့် လျှပ်စစ်မီးကြိုးဖြတ်တောက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) နယ်မြေရဲစခန်းက ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေ ပုဒ်မ ၆(၁) ဖြင့် အမှုဖွင့် အရေးယူထားသည်။

**ရဲပြန်ကြား**


ဇမ္ဗူသီရိမြို့နယ်၌ လျှပ်စစ်မီးကြိုးများ ဖြတ်တောက်ခိုးယူသူ အမျိုးသား နှစ်ဦးအား ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။


ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ Gas အရောင်းဆိုင်များကို မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ပုသိမ်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးစိန်နိုင်ဝင်း ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ ဇွန် ၁၅ ရက်က ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။

ခရိုင်
(ပြန်/ဆက်)


သန်လျင်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမြတ်မွန်၊ သန်လျင်မြို့နယ်ဦးစီးမှူး ဒေါ်ရည်မွန့်သိမ့်နှင့်ဝန်ထမ်းများ ဇွန် ၁၅ ရက်က သန်လျင်-အုပ်ဖိုစု-သနပ်ပင်လမ်းမကြီးတစ်လျှောက် သစ်ပင်များ စုပေါင်းစိုက်ပျိုးစဉ်။

သန်းဝင်း
(သန်လျင်)

# မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က Grade-12 တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသားများ၏ မိဘများအား ခြိမ်းခြောက်ခြင်းများ လုပ်ဆောင်

**နေပြည်တော် ဇွန် ၁၅**

လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များသည် နိုင်ငံ့မျိုးဆက်သစ်ကလေးငယ်များ၏ ပညာရေးတိုးတက်မြင့်မားစေရန် အခြေခံပညာစာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားနေမှုအား နှောင့်ယှက်ဖျက်ဆီးလိုသည့် ရည်ရွယ်ချက်ဖြင့် ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် စာရေးကိရိယာများအား လုယက်ယူဆောင်ဖျက်ဆီးခြင်း၊ ပညာရေးဝန်ထမ်းများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများအား ခြိမ်းခြောက်စာများပေးပို့ခြင်း၊ ခြိမ်းခြောက်ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများအား မိုင်းထောင်ဖောက်ခွဲခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဇွန် ၁၄ ရက်နေ့ နံနက် ၉ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ အမှတ်(၁) ရပ်ကွက်၊ သိရိမင်္ဂလာရပ်၌ Grade-12 တက္ကသိုလ်ဝင်စာမေးပွဲအား ပြန်လည်ဖြေဆိုရန် ရောက်ရှိတည်းခိုနေသည့် ညောင်ဦးမြို့နယ်၊ ကုလားတဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းသား၊ ကျောင်းသူကိုးဦးအနက် မခင်သက်ထား၊ မဂျူးဂျူးစုလှိုင်၊ မတိုးအိဝေ၊ မယမင်းသူ၊ မမြဲမြဲသက်၊ မောင်ချမ်းမြေ့အောင်တို့ ခြောက်ဦးတို့၏ မိဘများအား PDF အကြမ်းဖက်အဖွဲ့က ခြိမ်းခြောက်ခဲ့သဖြင့် ကျောင်းသားမိဘများက ၎င်းတို့၏ သား၊ သမီးများအား တည်းခိုသည့် နေရာမှ ပြန်လည်ခေါ်ဆောင်သွားကြောင်းနှင့် ကျန်ရှိသည့် မောင်အာကာချမ်းမြေ့ကျော်၊ မောင်ထွန်းနိုင်လင်းနှင့်၊ မောင်တင်ဦးလှိုင်တို့ သုံးဦးအား ၎င်းတို့၏မိဘများက လာရောက်ခေါ်ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်း၍ ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲပြန်လည်ဖြေဆိုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ကျောင်းသားမိဘများအား ခြိမ်းခြောက်ခြင်းများလုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

■ *ကျောဖုံးမှ*

ယနေ့နံနက် ၈ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၊ ကုန်းဘုရား (ညောင်ပင်ကန်) ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာဝင်း (၄၂နှစ်) သည် ကျောင်းဝင်းအတွင်းရှိ ဝန်ထမ်းလိုင်းခန်း၌ ခင်ပွန်းဖြစ်သူ ဦးဇော်လတ် (၄၅) နှစ်၊ ညီမဖြစ်သူ မရွှေရည်ဝင်း (၁၉)နှစ်တို့နှင့်အတူ ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမား ခုနစ်ဦးက ဆိုင်ကယ်လေးစီးဖြင့် ရောက်ရှိလာပြီး ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ထောက်ခံအားပေးမှုမရှိသည့် အတွက် ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာဝင်းနှင့် ဦးဇော်လတ်တို့ နှစ်ဦးအား ဝန်ထမ်းလိုင်းခန်းအတွင်းမှ ဆွဲခေါ်ကာ လိုင်းခန်းရှေ့ မြေကွက်လပ်၌ ရက်စက်စွာပစ်ခတ်သတ်ဖြတ်ခဲ့ရာ ရရှိဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရှိရသည်။



အကြမ်းဖက်သမားများ၏ ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခြင်း ခံခဲ့ရသည့် ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာဝင်း။



အကြမ်းဖက်သမားများ၏ ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခြင်း ခံခဲ့ရသည့် ဦးဇော်လတ်။

အလားတူ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ အမှတ်(၁၇) အခြေခံပညာ မူလတန်းလွန်ကျောင်းမှ လက်ထောက်မူလတန်းပြဆရာမ ဒေါ်ဇင်မီလှိုင် (၂၈)နှစ်သည် ၎င်း၏နေအိမ်၌ ရှိနေစဉ် ဇွန် ၁၄ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ ခန့်တွင် PDF အမည်ခံအကြမ်းဖက်သမား ငါးဦးက သေနတ်များ ကိုင်ဆောင်ကာ ဆိုင်ကယ်ငါးစီးဖြင့် ရောက်ရှိလာပြီး ဒေါ်ဇင်မီလှိုင်အား လက်နောက်ပြန်ကြိုးတုပ်၍ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ နိုင်ငံ့ဝန်ထမ်းကောင်း ကျောင်းအုပ်ဆရာမကြီးနှင့် ခင်ပွန်းဖြစ်သူတို့အား ရက်စက်စွာသတ်ဖြတ်ခဲ့သူများနှင့် ကျောင်းဆရာမတစ်ဦးအား ဖမ်းဆီးခေါ်ဆောင်သွားသည့် PDF အမည်ခံ အစွန်းရောက်အကြမ်းဖက်သမားများအား ဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ချမ်းအေးသာစံမြို့နယ်၌ ပုံဝိုင်းလောင်းကစားပြုလုပ်သူ ငါးဦးအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၌ ယမန်နေ့က ပုံဝိုင်းလောင်းကစား ပြုလုပ်သူ အမျိုးသားတစ်ဦး၊ အမျိုးသမီးလေးဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၄ ရက် နံနက် ၁၁ နာရီတွင် ချမ်းအေးသာစံမြို့နယ် ချမ်းအေးသာစံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ချမ်းအေးသာစံမြို့နယ် ကန္တနမဟီရပ်ကွက် ၇၈ လမ်းနှင့် ၇၉ လမ်းကြားအရောက်၌ အဆိုပါရပ်ကွက်နေသူများဖြစ်ကြသည့် ငြိမ်းခန့်ဇော်(ခ) ငပေါ (၂၂နှစ်)၊ ဒေါ်သန်းသန်းဝင်း (ခ)တိုးတစ်မ(၃၈ နှစ်)၊ ဒေါ်ခင်နှင်းရီ (၅၄နှစ်)၊ ဒေါ်အေးစန္ဒာ(၃၈နှစ်)နှင့် အောင်မြေသာစံမြို့နယ်၊ သရက်ပင်ကျေးရွာနေ ဒေါ်သန်းသန်းဝင်း (၃၆နှစ်)တို့ ငါးဦးအား ပုံဝိုင်းလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၁၃၇၅၀၀ တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ငြိမ်းခန့်ဇော်(ခ)ငပေါ ပါ ငါးဦးအား ချမ်းအေးသာစံမြို့မရဲစခန်းက လောင်းကစားဥပဒေပုဒ်မ ၁၅(က)/၁၆(က)ဖြင့် အမှုဖွင့် အရေးယူထားသည်။

**ရဲပြန်ကြား**

“ဝန်ဆောင်မှုများ ကောင်းစေရေး ‘1111’ ဖြေကြားပေး”

## ဖြူးမြို့နယ်၌ ရထားသံလမ်းကူးအား ဖြတ်ကျော်မောင်းနှင်စဉ် ရထားနှင့်တိုက်မိ၍ တစ်ဦး သေဆုံး

**နေပြည်တော် ဇွန် ၁၅**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ ယမန်နေ့က ရထားသံလမ်းကူးအား ဖြတ်ကျော်မောင်းနှင်စဉ် ရထားနှင့်တိုက်မိ၍ အမျိုးသားတစ်ဦး သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၄ ရက် နံနက် ၉ နာရီခွဲတွင် ဖြူးမြို့နယ် ညောင်ပင်သာဘူတာအနီး မီးရထားလမ်းမိုင်တိုင်အမှတ် ၁၂၈ မိုင်၊ ၁၀ ဖာလုံနှင့် ၁၁ ဖာလုံကြား၌ ရထားတိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ညောင်ပင်သာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရွာမရပ်ဘက်မှ ပဲခူးလမ်းရပ်ဘက်သို့ ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာနေ ဟန်ထွန်းအောင် (၅၃နှစ်) မောင်းနှင်သည့် ဆိုင်ကယ်သည် အဆိုပါနေရာရှိ ရထားသံလမ်းကူးအား ဖြတ်ကျော်မောင်းနှင်စဉ် ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ထွက်ခွာလာသည့် အမှတ်(၁၁)အဆန်ရထားနှင့် တိုက်မိခဲ့၍ ဟန်ထွန်းအောင်တွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သောကြောင့် ဟန်ထွန်းအောင်အား ညောင်ပင်သာနယ်မြေရဲစခန်းက မြန်မာ့မီးရထားဥပဒေပုဒ်မ ၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြို့နယ်အချို့၌ လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၅**

မြို့နယ်အချို့၌ လိုင်စင်မဲ့မော်တော်ယာဉ်များ ယမန်နေ့က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ဇွန် ၁၄ ရက်နံနက် ၁၁ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် ပျဉ်းမနားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ကံဦးကျေးရွာရှိ စွမ်းထက်သူ ဆေးဆိုင်ရှေ့တွင် လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ရပ်တန့်ထားကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ YGN–40 9P/---- TOYOTA ALPHARD ယာဉ်အားတွေ့ရှိရ၍ ဆေးဆိုင်ပိုင်ရှင်ဖြစ်သူ မြင့်သူ(၃၃နှစ်)အား မေးမြန်းခဲ့ရာ အဆိုပါယာဉ်သည် ၎င်းပိုင်ဆိုင်သည့် ယာဉ်ဖြစ်ပြီး မော်တော်ယာဉ်နှင့် ပတ်သက်၍ အထောက်အထား တစ်စုံတစ်ရာ ပြသပြောဆိုနိုင်ခြင်း မရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ် ဖြစ်ကြောင်းသိရှိရသဖြင့် မြင့်သူအား ပျဉ်းမနားမြို့မရဲစခန်းက ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ ၈ ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူထားသည်။ **(အပေါ်ယာပုံ)**

အလားတူ ညနေ ၅ နာရီ ၅၅ မိနစ်တွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက ရဲစခန်းရှေ့၌ မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မိုးညှင်းမြို့ဘက်မှ နန့်စီးအောင် ကျေးရွာဘက်သို့ မံစီမြို့နယ် ဝူရာဘူကျေးရွာနေ တူးလီ(၂၂နှစ်) မောင်းနှင်လာသည့် MDY- 3 7I/---- Hilux Vigo မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် တူးလီအား မိုးညှင်းမြို့မရဲစခန်းက ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ ဖြင့်လည်းကောင်း၊ မိုးကောင်းမြို့ မြို့လှရပ်ကွက် ဂုဏ်ပွင့်နိုင်စက်သုံးဆီဆိုင်အနီး၌ နမ္မတီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မိုးကောင်းမြို့ဘက်မှ မြစ်ကြီးနားမြို့ဘက်သို့ ဗန်းမော်မြို့ ဟန်းဘဲကျေးရွာနေ ဝေလင်း(၃၀ နှစ်) မောင်းနှင်လာသော YGN-23 4J/---- KLUGER မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါယာဉ်နှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် ဝေလင်းအား နမ္မတီးနယ်မြေရဲစခန်းက ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ ၈ ဖြင့် လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားသည်။

**ရဲပြန်ကြား**

“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”

# ဘာလင်အိုးပင်းပြိုင်ပွဲမှ ဗြိတိန်နာမည်ကျော် ရာဒူကာနူ နုတ်ထွက်


■ ရာဒူကာနူ

ဗြိတိန်နာမည်ကျော်တင်းနစ်မယ် အမ်မာရာဒူကာနူသည် လာမည့် သီတင်းပတ်အတွင်း ကျင်းပတော့မည့် ဘာလင်အိုးပင်းပြိုင်ပွဲကို ဒဏ်ရာပြဿနာကြောင့် ဝင်ရောက်ယှဉ်ပြိုင်ကစားတော့မည် မဟုတ်ကြောင်း သိရသည်။

ဗြိတိန်နံပါတ်တစ်နေရာ ပြန်လည်ရယူတော့မည့် အသက်၂၂နှစ်အရွယ် ရာဒူကာနူသည် ပြီးခဲ့သည့်လက စထရာဘော့ဂ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကစားပြီးနောက် အဆိုပါ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ကြုံတွေ့နေရခြင်း ဖြစ်သည်။

ယူအက်စ်အိုးပင်းချန်ပီယံဟောင်း ရာဒူကာနူသည် ဇွန် ၁၃ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် အိတ်ချ်အက်စ်ဘီစီချန်ပီယံရှစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ပြိုင်ဘက်တရုတ်တင်းနစ်မယ် ကွင်ဝင်ရှောင်ကို ၆-၂၊ ၆-၄ ရလဒ်ဖြင့်ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

ရာဒူကာနူသည် လာမည့် ဇွန် ၂၃ ရက်မှ ၂၈ ရက်အတွင်း ကျင်းပမည့် Eastbourne ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖွယ်ရှိသည်။

# ယခုနှစ် ဝင်ဘယ်ဒန်ပြိုင်ပွဲ၏ ဆုကြေးကို ၇ ရာခိုင်နှုန်း တိုးမြှင့်သွားမည်

ယခုနှစ် ဝင်ဘယ်ဒန်ပြိုင်ပွဲ၏ စုစုပေါင်း ဆုကြေးငွေကို ၇ ရာခိုင်နှုန်း တိုးမြှင့်သွားမည်ဖြစ်ပြီး စံချိန်တင် ပေါင် ၅၃ ဒသမ ၅ သန်းအထိ ရောက်ရှိသွားမည်ဖြစ်ကြောင်း သိရသည်။

ဆုကြေးငွေသည် ၂၀၂၄ ခုနှစ်တွင် ပေါင်သန်း ၅၀ ရှိကြောင်း၊ ယင်းမှာ ၂၀၁၅ ခုနှစ်ကထက် နှစ်ဆခန့် မြင့်တက်လာကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ကားလို့စ် အယ်ကာရက်ဇ်နှင့် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ဘာဘိုရာ ခရီစီကိုဗာတို့သည် အသီးသီးဗိုလ်စွဲခဲ့ကြပြီး ပေါင် ၂ ဒသမ ၇ သန်းစီ ဆုကြေးရရှိခဲ့သည်။ ယခုနှစ်တွင် အနိုင်ရဗိုလ်စွဲမည့်သူအနေဖြင့် ၁၁ ရာခိုင်နှုန်းတိုးကာ ပေါင် သုံးသန်းအထိ ရရှိမည် ဖြစ်သည်။

နှစ်ယောက်တွဲပြိုင်ပွဲတွင် အနိုင်ရရှိမည့်သူများအနေဖြင့် လေးရာခိုင်နှုန်းတိုးကာ ပေါင် ၆၈၀၀၀၀ ရရှိမည် ဖြစ်သည်။ ယခုနှစ် ဝင်ဘယ်ဒန်ပြိုင်ပွဲကို လာမည့် ဇွန် ၃၀ ရက်မှ ဇူလိုင် ၁၃ ရက် အထိ ကျင်းပသွားမည် ဖြစ်သည်။


■ ၂၀၂၄ ဝင်ဘယ်ဒန်အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သည့် ကားလို့စ် အယ်ကာရက်ဇ်။

# ကွန်ကာကပ်ဖ်ရွှေဖလားပြိုင်ပွဲအဖွင့်ပွဲစဉ် နာမည်ကြီး မက္ကဆီကိုက ဒိုမီနီကန်ကို အကြိတ်အနယ်ကစားပြီး အနိုင်ရ

ကွန်ကာကဖ် ရွှေဖလားပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် အုပ်စု (က) မှ မက္ကဆီကိုနှင့် ဒိုမီနီကန်အသင်း ပွဲစဉ်ကို ဇွန် ၁၅ ရက် နံနက် ၈ နာရီ ၄၅ မိနစ်က အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် ဆိုဖီအားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မက္ကဆီကိုအသင်းက အကြိတ်အနယ်ကစားပြီး သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မက္ကဆီကိုအသင်းသည် ပြိုင်ဘက် ဒိုမီနီကန်အသင်း၏ တုံ့ပြန်ကစားပုံ ကောင်းမွန်မှုကြောင့် မိနစ် ၄၀ ကျော်သည်အထိ သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရသည်။

မက္ကဆီကိုအသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့သော ရာအူးဂျင်မီနက်ဇ်သည် မက္ကဆီကို အမျိုးသားအသင်း၏ ဂိုးသွင်းအများဆုံး ကစားသမားစာရင်းတွင် သွင်းဂိုး ၄၀ ဖြင့် တတိယနေရာသို့ တက်လှမ်းနိုင်ခဲ့သည်။



မက္ကဆီကိုအသင်းအတွက် သွင်းဂိုးများကို အယ်ဗာရက်ဇ်၊ ဂျင်မီနက်ဇ်နှင့် မွန်တီတို့က သွင်းယူပေးခဲ့သည်။ ပြိုင်ဘက်ဒိုမီနီကန်အသင်းအတွက် သွင်းဂိုးများကို ဂွန်ဇာလက်ဇ်နှင့် အက်ခွန်နာတို့က သွင်းယူပေးခဲ့သည်။

လာမည့်ပွဲစဉ်တွင် မက္ကဆီကိုအသင်းက ဆူရာနမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဒိုမီနီကန်အသင်းက ကော့စတာရီကာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

မက္ကဆီကိုနှင့် ဒိုမီနီကန်အသင်းတို့သည် ကွန်ကာကဖ် ရွှေဖလားပြိုင်ပွဲ အုပ်စု (က) တွင် ကော့စတာရီကာ၊ ဆူရာနမ်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

# လိဂ်ဝမ်းကလပ် ပလိုင်းမောက်အသင်းက ကလီဗာလေကို နည်းပြသစ်အဖြစ် ခန့်အပ်

ပလိုင်းမောက်အသင်းသည် ဝက်ဖို့ဒ်နည်းပြဟောင်း တွန်ကလီဗာလေကို နည်းပြသစ်အဖြစ် ခန့်အပ်လိုက်ပြီ ဖြစ်သည်။

အသက် ၃၅ နှစ်အရွယ် ကလီဗာလေသည် ပလိုင်းမောက်အသင်းနှင့် သုံးနှစ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။ ပလိုင်းမောက်အသင်းသည် ပြီးခဲ့သည့်လတွင် ဂျာမန်ကလပ် ရှော်ကေးအသင်းသို့ ပြောင်းရွှေ့သွားသော နည်းပြ မီရွန်မူစလစ်၏ နေရာကို အစားထိုးခန့်အပ်လိုက်ခြင်း ဖြစ်သည်။

ပလိုင်းမောက်အသင်းသည် ချန်ပီယံရှစ်တွင် နှစ်နှစ်ကြာ ဖြတ်သန်းပြီးနောက် ပြီးခဲ့သည့်ရာသီတွင် လိဂ်ဝမ်းသို့ တန်းဆင်းခဲ့ရသည့် အသင်းဖြစ်သည်။ မန်ယူနှင့် အဲဗာတန်ကစားသမားဟောင်း ကလီဗာလေသည် ကစားသမားဘဝအများစုကို ဝက်ဖို့ဒ်အသင်းတွင် ကုန်ဆုံးခဲ့သူဖြစ်သည်။

ဝက်ဖို့ဒ်အသင်းသည် ပြီးခဲ့သည့်မေလတွင် အသင်းရလဒ်ဆိုးရွားမှုကြောင့် ကလီဗာလေကို နည်းပြအဖြစ်မှ ထုတ်ပယ်ခဲ့သည်။



# စပါးက အမ်ဗျူမိုကို ခေါ်ယူလိုနေ



စပါးအသင်းသည် ဘရန့်ဖို့ဒ်တိုက်စစ်ကစားသမား အမ်ဗျူမိုကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

ကင်မရွန်းကစားသမား အမ်ဗျူမိုသည် ပြီးခဲ့သည့်ရာသီ ပရီမီယာလိဂ်တွင် ဘရန့်ဖို့ဒ်အသင်းအတွက် ဂိုး ၂၀ သွင်းယူပေးထားနိုင်သည်။ ယခုလအစောပိုင်းတွင် အမ်ဗျူမိုသည် ပေါင် ၄၅ သန်း အပြင် အပိုဆုကြေး ပေါင် ၁၀သန်းဖြင့် မန်ယူအသင်း၏ ကမ်းလှမ်းခြင်း ခံခဲ့ရသည်။

သို့သော်လည်း ကလပ်နှစ်သင်းကြား သဘောတူညီမှုရရှိထားခြင်း မရှိခဲ့ပေ။ အမ်ဗျူမိုသည် ပြင်သစ်လီဂူးတူးကလပ် ထရိုင်းယပ်စ်အသင်းမှ ၂၀၁၉ ခုနှစ်တွင် ဘရန့်ဖို့ဒ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းအတွက် ပွဲပေါင်း ၂၄၂ ပွဲ ပါဝင်ကစားထားကာ ဂိုး ၇၀ သွင်းယူပေးထားသည်။

စပါးအသင်းသည် အမ်ဗျူမိုအတွက် ကမ်းလှမ်းမှုတစ်စုံတစ်ရာပြုလုပ်ရခြင်း မရှိသေးပေ။ အမ်ဗျူမိုကို အခြားသော နာမည်ကြီး ကလပ်အသင်းအများအပြား၏ စိတ်ဝင်စားမှုကို လက်ခံရရှိထားသည်။

## နောက်ဆုံးရ အားကစားသတင်းတိုများ

- အင်တာမီလန်အသင်းသည် အသင်းမှ ကွင်းလယ်ကစားသမား ဟာကန် ကယ်ဟန်နိုလူ (၃၁ နှစ်) ကို ရောင်းထုတ်သွားဖွယ်ရှိနေသည်။ အဆိုပါ ကစားသမားကို ဂါလာတာစာရေးအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- လေဗာကူဆင်အသင်းသည် အသင်းမှ ဂျာမနီကွင်းလယ်ကစားသမား ဖလော်ရီယန်ဝစ်ဇ် (၂၂ နှစ်) ကို လီဗာပူးအသင်းသို့ ရောင်းချပြီး ဘုန်းမောက်အသင်းမှ အသက် ၂၆ နှစ်အရွယ် ဂျက်စတင် ကလွိုက်ဗက်ကို ခေါ်ယူလိုနေသည်။
- စပါးအသင်းသည် ဘိုင်ယန်မြူးနစ်အသင်းမှ ပြင်သစ်တိုက်စစ်ကစားသမား မာသီတဲလ်ကို အမြဲတမ်းစာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။ စပါးအသင်းသည် အဆိုပါ ကစားသမားအတွက် ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ ဖြင့် ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ခြင်း ဖြစ်သည်။
- နာပိုလီအသင်းသည် လီဗာပူးအသင်းမှ ဥရုဂွေးတိုက်စစ်ကစားသမား ဒါဝင်နူနက်ဇ် (၂၅ နှစ်) ကို ခေါ်ယူရန် ဆော်ဒီအာရေဗျကလပ်များနှင့် အပြိုင်ကမ်းလှမ်းသွားဖွယ်ရှိသည်။
- အဲဗာတန်အသင်းသည် ဗီနာဘာချီကွင်းလယ်ကစားသမား ဖရက် (၃၂ နှစ်) ကို ခေါ်ယူရန် ဆန္ဒရှိနေသည်။

■ မိုးဇက် - စုစည်းရေးသားသည်

မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့် ဝါရင့်ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသား ကြီးကြပ်တည်းဖြတ်ထားသည့် Grade-4 မှ Grade-12 အထိ တန်းစဉ် အောင်ချက်မြင့်မားရေးအတွက် စာမေးပွဲမေးခွန်းပုံစံနှင့်အညီ လေ့ကျင့်ခန်းများနှင့် အဖြေစုံကို ကျောင်းသား၊ ကျောင်းသူများ ကြိုတင်လေ့လာ လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ **မြန်မာ့အလင်းစာတည်းအဖွဲ့**

## Grade - 4 (Unit-1)

### Section (A) Listening

I. Listen carefully to the teacher and match the phrases from Column A and Column B to make sentences. (2 marks)

| Name | Description |
|---|---|
| 1. Nandar | a. has brown hair |
| 2. Su Su | b. has dark eyes |
| 3. Zaw Zaw | c. is tall and has black hair and brown eyes |
| 4. Mee Mee | d. has a new pink blouse and a new red skirt |
| 5. Zeya | e. is short and has black hair |

### Section (B) Reading

II. Look at the picture and write True or False to answer the given words. (2 marks)

1. blue (1) ..............
2. brown (2) ..............
3. dark (3) ..............
4. black (4) ..............
5. grey (5) ..............

### Section (C) Writing

III. Fill in the blanks with a suitable word. (2 marks)

1. Aung Aung and Bsso Bo have a good (friend). (1) ..............
2. Bo Bo is a very (friend) boy. (2) ..............
3. He is also (help) to others. (3) ..............
4. Aung Aung and Bo Bo go to school (together) every day. (4) ..............
5. Bo Bo is very (clever) in class. (5) ..............

**Answer Keys**

I. 1. d 2. a 3. e 4. b 5. c

I. 1. True 2. False 3. False 4. True 5. True

III. 1. friendship 2. friendly 3. helpful 4. together 5. clever

## Grade-5 (Unit-1)

### Section (A) Listening

I. Listen carefully to the teacher and write True or False. (5 marks)

| Example - 1. Flat | (1) True |
|---|---|

(1) bed (1) ..............
(2) desk (2) ..............
(3) clothes (3) ..............
(4) window (4) ..............
(5) floor (5) ..............

### Section (B) Reading

II. Look at the pictures and write True or False to answer the given words. (5 marks)

(1) Take out the rubbish  (1) ..............
(2) May I borrow your pen?  (2) ..............
(3) Fold the clothes.  (3) ..............
(4) He is sleeping.  (4) ..............
(5) watching TV  (5) ..............

### Section (C) Writing

III. Fill in the blanks with a suitable word form. (5 marks)

1. The professor made a (decide) to walk home. (1) ..............
2. His (host) advised him to stay because of the weather. (2) ..............
3. The weather was (wind), cold, and wet. (3) ..............
4. The hostess showed her (kind) by preparing a bed. (4) ..............
5. The professor was not in the (live) room when she returned. (5) ..............

### Section (D) Speaking

IV. Look at the pictures and answer the questions. (10 marks)


1. What is she doing?


2. What is he doing?


3. Is she making the bed?


4. What is he doing?


5. What is she doing?


6. What is he doing?


7. What is he doing?


8. What is she doing?


9. What is he doing?


10. What is she doing?

**Answer Keys**

I. (1) True (2) False (3) True (4) False (5) True

II. (1) True (2) False (3) False (4) True (5) False

III. 1. decision 2. hostess 3. windy 4. kindness 5. living

IV. 1. She is washing the dishes.
2. He is cleaning the window.
3. Yes, she is making the bed.
4. He is watering the plants.
5. She is tidying up the desk.
6. He is folding the clothes.
7. He is setting the table.
8. She is ironing the clothes.
9. He is reading the newspaper.
10. She is brushing the teeth.

## Grade-6 (Unit-1)

I. Complete the sentences with the appropriate words. The initial letters are given. (10 marks)

1. I wish you were at N......... with me.
2. Every day, I eat seafood c......... and p..........
3. The weather is f.......... It's sunny and breezy.
4. We s......... in the sea in the morning and evening.
5. Mum and Dad enjoy w......... along the shore.
6. I'll bring a nice seashell n......... for you.
7. M......... Christmas and Happy New Year from Pyin Oo Lwin!
8. I'm now in the National K......... Gardens.
9. There are lots of s......... here.
10. The s......... swimming in the lake are lovely.

**Answer Keys**

I. 1. Ngapali 2. crabs, prawns 3. fine 4. swim 5. walking 6. necklace 7. Merry 8. Kandawgyi 9. strawberries 10. swans

## Grade-7 (Unit-1)

I. Complete the sentences with the appropriate words. The initial letters are given. (10 marks)

1. A typical Myanmar Z......... Pwe is a classical dance-drama.
2. It usually begins with the c......... dance.
3. The classical drama often presents a j......... tale.
4. These tales teach m......... lessons.
5. Mg Tin Maung was born in M......... in 1918.
6. He danced at a p......... show as a child.
7. He was a great a......... of Myanmar.
8. He loved d......... and singing from childhood.
9. He founded S......... Man Thabin in 1933.
10. In 1959, he was invited to the U......... States of America.

**Answer Keys**

I. 1. Zat 2. candlelight 3. jataka 4. moral 5. Mandalay 6. puppet 7. artiste 8. dancing 9. Shwe 10. United

## Grade-8 (Unit-1)

I. Supply in the blanks with the correct form of the words in the brackets. (10 marks)

1. Welcome to my blog. In this blog, I share my ......... as a mum. (experience)
2. Doing activities together brings ......... to our children. (benefit)
3. Family routines help children develop a sense of ......... and unity. (responsible)
4. These routines also promote the development of life .......... (skill)
5. We have dinner together every day as a family .......... (routine)
6. I can remind my children to eat a ......... of food. (vary)
7. They become aware of the ......... of a balanced diet. (important)
8. Children can learn good table ......... at meal times. (manner)
9. We share the household ......... every Saturday. (chore)
10. The children become more ......... through these tasks. (responsibility)

**Answer Keys**

I. 1. experiences 2. benefits 3. responsibility 4. skills 5. routine 6. variety 7. importance 8. manners 9. chores 10. responsible

# ရွှေတောင်မြို့နယ် အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း၌ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ ရှင်းလင်းဆွေးနွေး

ရွှေတောင် ဇွန် ၁၅

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် အခြေခံပညာနှင့်စက်မှု စိုက်ပျိုး မွေးမြူရေး အထက်တန်းကျောင်း၌ ဇွန် ၁၃ ရက် နံနက်ပိုင်းက ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ကျင်းပသည်။



အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန (အနောက်ပိုင်း) ဒုတိယ တိုင်းဒေသကြီးဦးစီးမှူး ဦးဇော်ဝင်းထွန်းနှင့် ခရိုင်ဦးစီးမှူး ဦးအောင်စိုးမိုး၊ ရွှေတောင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူးတို့သည် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွင်း အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးကျောင်းသား ကျောင်းသူများ ပြည့်မီစွာ တက်ရောက်နိုင်ရေးနှင့် တက်ရောက်နေဆဲ ကျောင်းသား ကျောင်းသူများကို နှစ်ဆုံးထိ ပညာသင်ကြားရန် ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူများ၊ သင်ကြားရေးဆရာ ဆရာမများ၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ပြီး ကျောင်းသား ကျောင်းသူများ၊ သင်ကြားရေး ဆရာ ဆရာမများအတွက် ခေါက်ဆွဲခြောက်အထုပ် ၃၀၀၊ ကြက်ဥအလုံး ၃၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။(အပေါ်ပုံ) ကိုကိုမင်း(ပြန်/ဆက်)

# ကျောက်ပန်းတောင်းမြို့နယ် ဘင်ဂွကျေးရွာ၌ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်း

ကျောက်ပန်းတောင်း ဇွန် ၁၅

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သွင်းအားစု၊ ငွေကြေး၊ ဝန်ဆောင်မှုနှင့်နည်းပညာများပံ့ပိုးပေးခြင်းဖြင့် ကျေးလက်စီးပွားရေး မြင့်မားလာစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိသော စံပြကျေးရွာများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက ဘင်ဂွကျေးရွာအုပ်စု ဘင်ဂွကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးသက်က ခေတ်မီစံပြကျေးရွာ (SMART Village) ထူထောင်ရေး လုပ်ငန်းစီမံကိန်း အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ ကော်မတီဝင် ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဘင်ဂွကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်သည့် ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။ ၂၂၂



■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှု မရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## စာအုပ်စာပေ လူ့မိတ်ဆွေ

### ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် (ပ)ငွေးချိုအုပ်စု (ပ)ငွေးချိုရွာနေ ဦးစိန်အေး၏သား မောင်မင်းဆက်နိုင် ၈/နမန(နိုင်) ၂၀၉၇၀၇ ၏ နိုင်ငံကူးလက်မှတ်အမှတ် MD 489284 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-09-677271279

### ပတ်စ်ပို့ပျောက်

ဦးသန်းနိုင်၏သမီး ကျွန်မ မကေသူနွယ် ၉/မထလ(နိုင်)၄၀၃၇၀၆ ၏ နိုင်ငံကူးလက်မှတ် ပတ်စ်ပို့ (နံပါတ်မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၂၀၂၄၁၀၅

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 84W/05836 Sawasdee 115 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးဆန်း၁၄/ငဆန(နိုင်)၀၀၉၅၈၇ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြား ပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပခုက္ကူခရိုင်၊ မြစ်ခြေမြို့၊ ကမ္ဘာအေးရပ်ကွက်နေ (ဘ) ဦးစိန်ဝင်း၏သမီး ၈/ပခက(နိုင်) ၁၃၀၂၄၇ ကိုင်ဆောင်သူ ဒေါ်ချိုချိုဝင်းနှင့် ဒေါ်ချိုချိုသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/34379, Honda Click-160, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ကျော်ဌေး ၁၄/ငပတ(နိုင်)၀၀၁၄၂၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

### ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၈)၊ ဦးပိုင်အမှတ် (၁၁)၊ ၃၅လမ်း၊ ၅၄x၅၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသူရလွင်အောင် ၉/ခမစ(နိုင်)၀၇၇၄၆၂က ဇနီးဖြစ်သူ ဒေါ်လှချိုက်လီ ၁၃/မဆတ(နိုင်)၀၄၇၇၅၅၏အမည်ကိုပါ ပူးတွဲ၍ မှတ်ပုံတင်ကျမ်းကျိန်ချက်နှင့်အတူ အမှုတွဲအမှတ်(၀၄၇၅/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

### ကြော်ငြာစာ

